ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်
# အမျိုးသားစီမံကိန်းအပေါ်
# ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ)
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

## ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း အပေါ် ပထမ ၆ လ (ဧပြီလမှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှု အခြေအနေ

### (က)တစ်မျိုးသားလုံး၏စီးပွားရေး

၁။ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလမှစက်တင်ဘာလ) တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများဖြင့် တွက်ချက်ထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလ ထက် **၇.၆** ရာခိုင်နှုန်း တိုးတက်ခဲ့ ကြောင်းခန့်မှန်းရရှိပါသည်။

၂။ ပထမ ၆ လ တွင် ရရှိသည့် စာရင်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးမှာ ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၆.၁** ရာခိုင်နှုန်းနှင့် ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ)တွင် **၈.၇** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ ကြောင်းတွေ့ရှိရပါသည်။

၃။ အာဆီယံနိုင်ငံ အချို့၏ ၂၀၁၂ ခုနှစ် ဒုတိယသုံးလပတ်တွင် ဖြစ်ပေါ်ခဲ့သည့် တိုးတက်မှုနှုန်း များကို ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၁၂ ခုနှစ် ဒုတိယသုံးလပတ် အစီရင်ခံစာဖြစ်သည့် Report on Economic and Financial Development တွင် မလေးရှား **၅.၄** ရာခိုင်နှုန်း၊ ဗီယက်နမ် **၄.၇** ရာခိုင်နှုန်း၊ ထိုင်း **၄.၄** ရာခိုင်နှုန်း၊ စင်ကာပူ **၂.၅** ရာခိုင်နှုန်း နှင့် ဖိလစ်ပိုင် **၅.၉** ရာခိုင်နှုန်း ဟု ဖော်ပြ ထားပါသည်။


၄။ မြန်မာနိုင်ငံအနေဖြင့် ယခု ပထမ ၆ လ တွင် ရရှိသည့် တိုးတက်မှုနှုန်း **၇.၆** ရာခိုင်နှုန်း အတိုင်း ကျန် ၆ လတွင် ဆက်လက် ထိန်းသိမ်းထားနိုင်မည်ဆိုပါက ဘဏ္ဍာနှစ် ကုန်ဆုံးချိန်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေတွင် တစ်နှစ်လုံးအတွက် ရည်မှန်း ထားသည့် တိုးတက်မှုနှုန်း **၆.၇** ရာခိုင်နှုန်း ကို ပြည့်မီ ကျော်လွန် နိုင်မည် ဖြစ်ပါသည်။

၅။ အစီရင်ခံသည့် ပထမ ၆ လ တွင် လယ်ယာကဏ္ဍ နွေစပါး သီးနှံစိုက်ပျိုးချိန် နောက်ကျ ခြင်းနှင့် သွင်းအားစု တန်ဖိုးကြီးမြင့်ခြင်းကြောင့် အချို့ဒေသတွင် တောင်သူများ စိုက်ပျိုးရန် ဆန္ဒနည်းပါးခြင်းတို့ကြောင့် ထွက်ရှိမှု လျော့နည်းခဲ့ခြင်းနှင့် စွမ်းအင်ကဏ္ဍတွင် ပြည်ပ ဝယ် လိုအား အပေါ် မူတည်၍ ကမ်းလွန်ရေနံစိမ်းနှင့် သဘာဝ ဓါတ်ငွေ့ ထုတ်လုပ်မှု လျော့နည်းခြင်း နှင့် သတ္တု နှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင် ကျောက်စိမ်းထွက်ရှိရာဒေသတွင် နယ်မြေလုံခြုံရေး အခြေ

အနေကြောင့်ထုတ်လုပ်မှုကျဆင်းခြင်းတို့ကြောင့် ယင်းကဏ္ဍများ၏အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် လျော့နည်းခဲ့ သည်မှ အပ ကျန် ထုတ်လုပ်မှု များမှာ ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှုထက် ပိုမို ထုတ်လုပ် နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၆။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအရ နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အပေါ် ပထမ ၆ လ (ဧပြီလမှစက်တင်ဘာလ) အထိ **၃၂.၇** ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ ပထမသုံးလပတ်တွင် **၁၃.၀** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ်တွင် **၁၉.၇** ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ စီးပွားရေးကဏ္ဍအလိုက် အကောင်အထည်ဖော်မှု အခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။



**လယ်ယာကဏ္ဍကြီး**

- အစီရင်ခံသည့် ပထမ ၆ လ အတွင်း လယ်ယာကဏ္ဍကြီး၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် **၀.၉** ရာခိုင်နှုန်း လျော့နည်းခဲ့ ပါသည်။ ထိုသို့ လျော့နည်းရခြင်းမှာ သားငါးကဏ္ဍနှင့် သစ်တော ကဏ္ဍတို့တွင် အသားတင် ထုတ်လုပ်မှုတန်ဖိုး **၃.၈** ရာခိုင်နှုန်းနှင့် **၄၇.၃** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့သော်လည်း လယ်ယာကဏ္ဍကြီးတွင် အဓိက ပါဝင်သည့် လယ်ယာကဏ္ဍ၏ အသားတင် ထုတ်လုပ်မှု တန်ဖိုးမှာ **၄.၅** ရာခိုင်နှုန်း လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါ သည်။
- သုံးလပတ်အလိုက် လယ်ယာကဏ္ဍကြီး နှင့် လယ်ယာကဏ္ဍကြီးတွင် ပါဝင်သည့် ကဏ္ဍများ၏ အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအရ ယခင်နှစ် အလားတူကာလအပေါ် တိုးတက်မှု ရာခိုင်နှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | တစ်နှစ်လုံး ရည်မှန်းချက် တိုးတက်မှုနှုန်း | အကောင်အထည်ဖော်မှုအရ တိုးတက်မှုနှုန်း | | |
|---|---|---|---|---|
| | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆လ |
| လယ်ယာကဏ္ဍကြီး | ၃.၀ | (-) ၄.၈ | ၁.၀ | (-)၀.၉ |
| - လယ်ယာကဏ္ဍ | ၁.၉ | (-) ၁၉.၅ | ၀.၀၂ | (-)၄.၅ |
| - သားငါးကဏ္ဍ | ၆.၈ | ၅.၂ | ၂.၅ | ၃.၈ |
| - သစ်တောကဏ္ဍ | ၀.၄ | ၄၄.၆ | ၅၁.၀ | ၄၇.၃ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်းများမှာ တစ်ဖက်ပါ အတိုင်း ဖြစ်ပါသည် ။

| | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| လယ်ယာကဏ္ဍကြီး | ၈.၇ | ၁၉.၃ | ၂၈.၀ |
| - လယ်ယာကဏ္ဍ | ၄.၂ | ၁၇.၅ | ၂၁.၇ |
| - သားငါးကဏ္ဍ | ၂၂.၀ | ၂၄.၈ | ၄၆.၇ |
| - သစ်တောကဏ္ဍ | ၁၄.၈ | ၁၁.၄ | ၂၆.၂ |

**လယ်ယာကဏ္ဍ**

- လယ်ယာ ကဏ္ဍ၏ အဓိက သီးနှံဖြစ်သော မိုးစပါးစိုက်ပျိုးမှုမှာ ပထမ ၆ လ ကုန်အထိ စိုက်ဧက **၁၅,၂၈၇,၀၂၀** စိုက်ပျိုးပြီး ဖြစ်ပါသဖြင့် တစ်နှစ်လုံး စိုက်ပျိုးရန် ရည်မှန်းထားသည့် စိုက်ဧက **၁၆,၂၆၄,၈၆၉** အပေါ် **၉၄** ရာခိုင်နှုန်း စိုက်ပျိုးပြီး ဖြစ်ပါသည်။ ယခုနှစ်တွင် စိုက်ပျိုးဧကသည် ယခင်နှစ် အလားတူ ကာလတွင် စိုက်ပျိုး ခဲ့သည့် ဧက **၁၆,၀၃၃,၄၉၀** ထက် **၇၄၆,၄၇၀** ဧက လျော့နည်း ခဲ့ကြောင်း တွေ့ရှိရပါသည်။ အဓိကအားဖြင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်တို့ တွင် လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် စုစုပေါင်း စိုက်ဧက **၅၆.၄** သန်း စိုက်ပျိုးရန် ရည်မှန်းထားပြီး အစီရင်ခံသည့် ပထမ ၆ လ ကုန်အထိ မိုးသီးနှံ စိုက်ပျိုးမှု အနည်းငယ် နောက်ကျခဲ့ခြင်း၊နွေစပါး သီးနှံစိုက်ပျိုးချိန် နောက်ကျခြင်းနှင့် သွင်းအားစု တန်ဖိုးကြီးမြင့်ခြင်းကြောင့် အချို့ဒေသတွင် တောင်သူများ နွေစပါး ၊ နွေနှမ်း စိုက်ပျိုးမှု လျော့နည်းခဲ့ခြင်းမှ အပ ကျန် မိုးသီးနှံများ အားလုံးနီးပါး စိုက်ပျိုးပြီးစီးကြောင်း တွေ့ရှိရပါသည်။ လယ်ယာကဏ္ဍ ရည်မှန်းချက် ပြည့်မီရေး အတွက် မိုးနှောင်း ရာသီ အတွင်း မိုးသီးနှံများ အားလုံး စိုက်ပျိုးနိုင်ရေးနှင့် ဆောင်းသီးနှံများ ပိုမို စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သင့်ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လကုန်အထိ သီးနှံများ စိုက်ပျိုးပြီးစီးမှုကို တစ်ဖက်ပါ အတိုင်းဖော်ပြအပ်ပါသည်။

(ဧကထောင်ပေါင်း)

| | တစ်နှစ်လုံး စိုက်ပျိုးရန် စီမံကိန်း ရည်မှန်းချက် | စိုက်ပျိုးပြီးစီးမှု | | |
|---|---|---|---|---|
| | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ၁ ။ စပါး | ၁၉,၃၁၆ | ၃,၅၉၁ | ၁၂,၁၆၄ | ၁၅,၇၅၅ |
| - မိုးစပါး | ၁၆,၂၆၅ | ၃,၁၂၃ | ၁၂,၁၆၄ | ၁၅,၂၈၇ |
| - နွေစပါး | ၃,၀၅၁ | ၄၆၈ | | ၄၆၈ |
| ၂ ။ အစေ့ထုတ်ပြောင်း | ၁,၀၀၅ | ၆၂၇ | ၂၈၂ | ၉၀၉ |
| ၃ ။ ပဲတီစိမ်း | ၂,၇၉၃ | ၈၄၉ | ၅၅၄ | ၁,၄၀၃ |
| ၄ ။ ပဲစင်းငုံ | ၁,၅၈၆ | ၁,၃၄၈ | ၁၆၆ | ၁,၅၁၄ |
| ၅ ။ မြေပဲ | ၂,၁၈၈ | ၆၅၁ | ၄၁၇ | ၁,၀၆၈ |
| ၆ ။ နှမ်း | ၄,၀၀၈ | ၂,၈၀၀ | ၂၁၆ | ၃,၀၁၆ |
| ၇ ။ နေကြာ | ၁,၇၇၈ | ၁၂၈ | ၉၈ | ၂၂၆ |
| ၈ ။ ဆီအုန်း | ၃၅၈ | ၃၄၀ | ၁၂ | ၃၅၂ |
| ၉ ။ ဝါ | ၈၈၆ | ၁၉၄ | ၄၇၂ | ၆၆၆ |
| ၁၀ ။ ဂုန်လျှော် | ၃၀ | ၁.၀၈ | ၀.၀၂ | ၁.၁၀ |
| ၁၁ ။ ကြက်ပေါင်စေး | ၁,၃၈၇ | ၁,၃၇၂ | ၆၃ | ၁,၄၃၅ |
| ၁၂ ။ ချက်ကြံရင့် | ၃၇၈ | ၃၆၇ | ၁၄ | ၃၈၁ |
| ၁၃ ။ ငရုတ်ကောင်း | ၁၁၆ | ၁၁၇ | ၀.၀၂ | ၁၁၇ |
| ၁၄ ။ ကော်ဖီ | ၆၁ | ၅၀ | ၀.၂ | ၅၀ |
| ၁၅ ။ လက်ဖက် | ၂၄၁ | ၂၂၂ | ၁ | ၂၂၃ |
| ၁၆။ အခြားသီးနှံများ | ၂၀,၂၆၂ | ၆,၈၅၇ | ၂,၀၃၆ | ၈,၈၉၃ |
| **စုစုပေါင်း** | **၅၆,၃၉၃** | **၁၉,၅၁၄** | **၁၆,၄၉၅** | **၃၆,၀၀၉** |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ အတွင်း ပဲတီစိမ်း၊ မိုးမြေပဲ၊ မိုးနှမ်း၊ နေကြာ အစရှိသည့် သီးနှံများမှာ မိုးရွာသွန်းမှုများပြား၍ ရိတ်သိမ်းချိန် နောက်ကျခဲ့ခြင်း၊ မိုးများ သဖြင့်အထွက်နှုန်းလျော့နည်းခြင်းကြောင့် အထွက်လျော့နည်းခဲ့ပြီး နွေစပါး၊အစေ့ထုတ်ပြောင်း၊ ဆီအုန်း၊ ကြက်ပေါင်စေး၊ ငရုတ်ကောင်းတို့မှာယခင်နှစ်ကထက် တိုးတက်ထွက်ရှိ ခဲ့ပါသည်။ သီးနှံအထွက် အခြေအနေကို အောက်ပါဇယားဖြင့် တင်ပြအပ်ပါသည်။

(အရေအတွက်-ထောင်ပေါင်း)

| | | တစ်နှစ်လုံး | ထွက်ရှိမှု | | |
|---|---|---|---|---|---|
| | | စီမံကိန်း ရည်မှန်းချက် | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ၁ ။ နွေစပါး | တင်း | ၂၈၃,၉၇၆ | ၈၈,၅၅၈ | ၆၅,၇၁၀ | ၁၅၄,၂၆၈ |
| ၂။ အစေ့ထုတ်ပြောင်း | ။ | ၆၀,၉၅၈ | | ၃၃,၂၇၇ | ၃၃,၂၇၇ |
| ၃ ။ ပဲတီစိမ်း | ။ | ၄၅,၂၄၉ | ၁,၀၀၈ | ၁၄,၀၆၉ | ၁၅,၀၇၇ |
| ၄ ။ မြေပဲ | ။ | ၁၂၅,၄၇၇ | | ၃၁,၄၂၅ | ၃၁,၄၂၅ |
| ၅ ။ နှမ်း | ။ | ၃၈,၀၀၅ | ၁,၇၆၉ | ၂၁,၉၂၅ | ၂၃,၆၉၄ |
| ၆ ။နေကြာ | ။ | ၄၅,၆၁၂ | | ၃,၅၅၉ | ၃,၅၅၉ |
| ၇ ။ ဆီအုန်း | သီးခိုင် ပိဿာ | ၂၄၈,၄၅၁ | ၁၉,၅၇၄ | ၁၀၀,၆၆၃ | ၁၂၀,၂၃၇ |
| ၈ ။ ဝါ | ပိဿာ | ၃၇၇,၆၅၅ | ၄၁၂ | ၉,၃၉၀ | ၉,၈၀၂ |
| ၉။ ဂုန်လျှော် | ။ | ၁၀,၀၉၀ | | ၂၃၄ | ၂၃၄ |
| ၁၀။ ကြက်ပေါင်စေး | ပေါင် | ၂၉၀,၅၉၁ | ၁၆,၉၅၀ | ၅၆,၀၄၆ | ၇၂,၉၉၆ |
| ၁၁။ ငရုတ်ကောင်း | ပိဿာ | ၆,၅၄၂ | ၀.၁ | ၂၈.၉ | ၂၉ |
| ၁၂။ ကော်ဖီ | ။ | ၄,၆၃၇ | | ၈၁၁ | ၈၁၁ |
| ၁၃။ လက်ဖက် | ပိဿာ | ၅၆,၈၉၉ | ၁၃,၅၂၄ | ၃၃,၁၄၅ | ၄၆,၆၆၉ |

**သားငါးကဏ္ဍ**

- ယခုနှစ် အတွင်း နိုင်ငံတော်မှ ငါးသယံဇာတထိန်းသိမ်းနိုင်ရေးအတွက် ငါးမဖမ်းရ ရာသီချိန် သတ်မှတ်ထား သဖြင့်ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ပင်လယ် ပြင် သို့ ငါးဖမ်းထွက်ခွာမှု လျော့နည်း ခြင်း ကြောင့် ရေငန် ငါးပုစွန်ထုတ်လုပ်မှုတွင် ယခင်နှစ်အလားတူကာလထက်လျော့နည်းခဲ့ပြီး၊ ငါး ၊ ပုစွန် ထုတ်လုပ်မှု သိသာစွာ တိုးတက်ခဲ့ခြင်းမရှိဘဲ၊ ပိဿာ **၁,၂၄၅.၂** သန်းသာ ထုတ်လုပ်နိုင်ခဲ့သဖြင့် ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု ပိဿာ **၁,၂၄၀.၅** သန်း ထက် **၄.၇** သန်းခန့် သာ တိုးတက်ထုတ်နိုင်ခဲ့ပါသည်။
- မွေးမြူရေးဇုန်များ ၌ တိုးချဲ့မွေးမြူခြင်း ၊ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးခြင်းနှင့် ကုသပေးခြင်းတို့ကြောင့် ရောဂါဖြစ်ပွားမှု လျော့ကျခြင်း ၊ မွေးမြူရေးဆိုင်ရာ အသိ ပညာ များ တိုးပွားလာခြင်းတို့ကြောင့် အသားထုတ်လုပ်မှု အနေဖြင့် ပိဿာ **၆၉၁.၃** သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ပိဿာ **၆၄၀.၄** သန်းထက် ပိဿာ **၅၀.၉** သန်း ပိုမို ထုတ်လုပ်နိုင်ခဲ့ပါသည် ။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လအတွင်း အသား နှင့် ငါး ပုစွန် ထုတ်လုပ်မှု ကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

**(ပိဿာထောင်ပေါင်း)**

| | **တစ်နှစ်လုံး စီမံကိန်း ရည်မှန်းချက်** | **ထွက်ရှိမှု** | | |
|---|---|---|---|---|
| | | **ပထမ သုံးလပတ်** | **ဒုတိယ သုံးလပတ်** | **ပထမ ၆ လ** |
| အသားထုတ်လုပ်မှု | ၁,၃၈၃,၁၇၇ | ၃၄၆,၄၀၀ | ၃၄၄,၈၈၇ | ၆၉၁,၂၈၇ |
| ငါးပုစွန်ထုတ်လုပ်မှု | ၂,၈၁၅,၈၈၁ | ၅၄၂,၇၄၁ | ၇၀၂,၄၆၃ | ၁,၂၄၅,၂၀၄ |
| - ငါး | ၂,၅၅၀,၂၈၉ | ၄၈၆,၆၆၉ | ၆၃၉,၁၈၅ | ၁,၁၂၅,၈၅၄ |
| - ပုစွန် | ၂၆၅,၅၉၂ | ၅၆,၀၇၂ | ၆၃,၂၇၈ | ၁၁၉,၃၅၀ |

## သစ်တော ကဏ္ဍ

- မြန်မာနိုင်ငံတွင် မြေဧရိယာစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်း ခန့်ကို သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသဖြင့် သစ်တောသယံဇာတမှာ အမြောက်အများရှိပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိတွင်သစ်တောကြိုးဝိုင်းဧရိယာစတုရန်းမိုင် **၆၄,၂၇၇** ရှိပြီး စုစုပေါင်း မြေဧရိယာ ၏ **၂၄.၆** ရာခိုင်နှုန်း ဖြစ်ပါသည်။
- သစ်တောကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန် အထိ သစ်တော ဦးစီးဌာန မှ ကျွန်းစိုက်ဧက **၁,၁၃၀,၁၃၀** တွင် အပင် ထောင်ပေါင်း **၅၀,၈၅၅** နှင့် သစ်မာစိုက်ဧက **၁,၃၇၂,၈၇၃** တွင် အပင် ထောင်ပေါင်း **၆၁,၇၈၀** စိုက်ပျိုးနိုင်ခဲ့ပါသည်။
- သစ်တောကဏ္ဍတွင် ယခင်နှစ်၏ ရေကျန်၊ တောကျန်သစ်များကို ဆွဲထုတ်ရန် ဦးစားပေးဆောင်ရွက်ခဲ့ခြင်းနှင့် ရာသီဥတုအခြေအနေအရသစ်ထုတ်လမ်းကြောင်းများ အဆင်ပြေပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် ကျွန်းနှင့် သစ်မာ ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ အဓိကအားဖြင့် ကျွန်း ထုတ်လုပ်မှု ကုဗတန် **၅၈,၂၇၄** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၂၂,၀၁၄** ထက် ကုဗတန် **၃၆,၂၆၀** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ သစ်မာထုတ်လုပ်မှု

တွင် ကုဗတန် **၂၇၆,၂၁၈** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၁၄၇,၈၀၉** ထက် ကုဗတန် **၁၂၈,၄၀၉** ပိုမို ထုတ်လုပ်ခဲ့ပါသည် ။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | **တစ်နှစ်လုံး** | **ထုတ်လုပ်မှု** | | |
|---|---|---|---|---|---|
| | | **ထုတ်လုပ်ရန် ရည်မှန်းချက်** | **ပထမ သုံးလပတ်** | **ဒုတိယ သုံးလပတ်** | **ပထမ ၆ လ** |
| ကျွန်း | ကုဗတန် | ၂၃၂,၉၈၆ | ၂၉,၉၂၇ | ၃၀,၇၄၅ | ၆၀,၆၇၂ |
| - ထုတ်လုပ်မှု | ။ | ၂၃၂,၉၈၆ | ၂၉,၃၀၅ | ၂၈,၉၆၉ | ၅၈,၂၇၄ |
| - ဖမ်းဆီး | ။ | | ၆၂၂ | ၁,၇၇၆ | ၂,၃၉၈ |
| သစ်မာ | ကုဗတန် | ၂,၂၆၃,၂၅၈ | ၂၂၈,၁၈၂ | ၆၃,၁၂၂ | ၂၉၁,၃၀၄ |
| - ထုတ်လုပ်မှု | ။ | ၂,၂၆၃,၂၅၈ | ၂၂၄,၉၄၄ | ၅၁,၂၇၄ | ၂၇၆,၂၁၈ |
| - ဖမ်းဆီး | ။ | | ၃,၂၃၈ | ၁၁,၈၄၈ | ၁၅,၀၈၆ |
| ထင်း | ကုဗတန်(ထောင်) | ၂၂,၇၇၉ | ၂,၇၅၈ | ၃,၄၉၆ | ၆,၂၅၄ |
| မီးသွေး | ။ | ၂၅၁ | ၁၂ | ၇၂ | ၈၄ |
| ဝါး | လုံးရေ(သန်း) | ၁,၂၈၄ | ၂၁၂ | ၅၉၇ | ၈၀၉ |
| ကြိမ် | လုံးရေ(ထောင်) | ၄၁,၈၀၅ | ၆,၀၆၉ | ၇,၃၅၈ | ၁၃,၄၂၇ |

**စက်မှု ကဏ္ဍကြီး**

- အစီရင်ခံသည့် ပထမ ၆ လ အတွင်း စက်မှုကဏ္ဍကြီး၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် **၉.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ရခြင်းမှာ စွမ်းအင်ကဏ္ဍနှင့် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ တို့၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး **၁.၀** ရာခိုင်နှုန်းနှင့် **၁၄.၃** ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့သော်လည်း စက်မှုကဏ္ဍကြီးတွင် အဓိကပါဝင်သည့် စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ **၁၂.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး လျှပ်စစ်ဓါတ်အားကဏ္ဍ တွင် **၂.၀** ရာခိုင်နှုန်း နှင့် ဆောက်လုပ်မှုကဏ္ဍ တို့တွင် **၇.၆** ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည် ။

- သုံးလပတ် အလိုက် စက်မှုကဏ္ဍကြီးနှင့် စက်မှုကဏ္ဍကြီးတွင်ပါဝင်သည့် ကဏ္ဍများ၏ အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုအရ ယခင်နှစ် အလားတူကာလ အပေါ် တိုးတက်မှု ရာခိုင်နှုန်း မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | တစ်နှစ်လုံး ရည်မှန်းချက် တိုးတက်မှုနှုန်း | အကောင်အထည်ဖော်မှုအရ တိုးတက်မှုနှုန်း | | |
|---|---|---|---|---|
| | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆လ |
| စက်မှု ကဏ္ဍကြီး | ၉.၀ | ၉.၉ | ၉.၈ | ၉.၉ |
| - စွမ်းအင်ကဏ္ဍ | ၂.၀ | (-) ၂.၁ | ၀.၁ | (-) ၁.၀ |
| - သတ္တုနှင့်တွင်းထွက်ကဏ္ဍ | ၂.၅ | (-) ၁၆.၈ | (-)၁၁.၀ | (-) ၁၄.၃ |
| - စက်မှုလက်မှုကဏ္ဍ | ၁၁.၂ | ၁၄.၂ | ၁၂.၀ | ၁၂.၉ |
| - လျှပ်စစ်ဓါတ်အားကဏ္ဍ | ၆.၁ | (-) ၂.၇ | ၆.၅ | ၂.၀ |
| - ဆောက်လုပ်မှုကဏ္ဍ | ၁.၅ | ၈.၃ | ၇.၂ | ၇.၆ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆လ |
| စက်မှု ကဏ္ဍကြီး | ၁၃.၅ | ၁၇.၈ | ၃၁.၃ |
| - စွမ်းအင်ကဏ္ဍ | ၂၃.၈ | ၂၄.၅ | ၄၈.၃ |
| - သတ္တုနှင့်တွင်းထွက်ကဏ္ဍ | ၂၃.၂ | ၁၈.၅ | ၄၁.၇ |
| - စက်မှုလက်မှုကဏ္ဍ | ၁၂.၅ | ၁၆.၇ | ၂၉.၂ |
| - လျှပ်စစ်ဓါတ်အားကဏ္ဍ | ၂၁.၆ | ၂၄.၂ | ၄၅.၈ |
| - ဆောက်လုပ်မှုကဏ္ဍ | ၁၄.၃ | ၂၁.၄ | ၃၅.၇ |

**စွမ်းအင် ကဏ္ဍ**

- ကမ်းလွန်ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့ထုတ်လုပ်မှုတွင် ဝယ်ယူသူဖြစ်သော (Petroleum Authority of Thailand Co. ltd) မှ ဝယ်ယူရန်အဆိုပြုချက် လျော့နည်းခဲ့ခြင်း၊ ကုန်းတွင်းရေနံတွင်းဟောင်းများမှ ရေနံစိမ်းထွက်ရှိမှု လျော့နည်း လာခြင်း တို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ ရေနံစိမ်း အမေရိကန်စည်ထောင်ပေါင်း ၃,၃၈၀.၂ သာ ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလထုတ်လုပ်မှု အမေရိကန်စည် ထောင်ပေါင်း ၃,၇၇၄.၉ ထက် အမေရိကန် စည် ထောင်ပေါင်း ၃၉၄.၇ လျော့နည်း ခဲ့ပါသည် ။ သဘာဝ ဓါတ်ငွေ့ ထုတ်လုပ်မှု တွင်လည်း ကုဗပေ ၂၁၇,၈၁၃ သန်း သာ ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ကုဗပေ ၂၄၆,၉၅၄ သန်း ထက် ကုဗပေ ၂၉,၁၄၁ သန်း လျော့နည်းခဲ့ပါသည် ။

- ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်လျှက်ရှိပါသည်။ ယခုအချိန်တွင် နိုင်ငံခြား ကုမ္ပဏီ များဖြစ်သည့် ပြင်သစ်နိုင်ငံမှ Total Exploration & Production Myanmar ကုမ္ပဏီသည် ဧရာဝတီတိုင်းဒေသကြီး ကမ်းလွန် လုပ်ကွက်အမှတ် M-5,M-6 တို့တွင် သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုကိုလည်းကောင်း၊ မလေးရှား နိုင်ငံ မှ PC Myanmar (Hong Kong) Ltd. ကုမ္ပဏီသည် တနင်္သာရီ တိုင်းဒေသကြီး ကမ်းလွန် လုပ်ကွက်အမှတ် M-12, M-13, M-14 တို့တွင် ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှုကိုလည်းကောင်း၊ တရုတ်နှင့် အင်ဒိုနီးရှား ကုမ္ပဏီ ဖြစ်သည့် Gold petrol JOC inc. ကုမ္ပဏီသည် မကွေးတိုင်းဒေသကြီး ချောက် နှင့် ရေနံချောင်း လုပ်ကွက် တို့တွင် ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ်မှု ကို လည်းကောင်း၊ Myanmar Petroleum Resources Limited ကုမ္ပဏီသည် မကွေးတိုင်း ဒေသကြီး မန်းရေနံမြေ တွင် ရေနံစိမ်းနှင့် သဘာဝဓါတ်ငွေ့ ထုတ်လုပ် မှု ကိုလည်းကောင်း လုပ်ငန်းများ ဆောင်ရွက်လျှက် ရှိ ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ ရေနံစိမ်းနှင့် သဘာဝ ဓါတ်ငွေ့ ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | တစ်နှစ်လုံး | ထုတ်လုပ်မှု | | |
|---|---|---|---|---|---|
| | | ထုတ်လုပ်ရန် ရည်မှန်းချက် | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၇,၁၅၆.၆ | ၁,၆၃၈.၈ | ၁,၇၄၁.၄ | ၃၃၈၀.၂ |
| - ကုန်းတွင်း | ။ | ၃,၄၃၅.၆ | ၈၂၇.၈ | ၈၃၃.၄ | ၁,၆၆၁.၂ |
| - ကမ်းလွန် | ။ | ၃,၇၂၁.၀ | ၈၁၁.၀ | ၉၀၈.၀ | ၁,၇၁၉.၀ |
| သဘာဝဓာတ်ငွေ့ | ကုဗပေ (သန်းပေါင်း) | ၄၄၇,၁၉၈ | ၁၀၅,၇၃၁ | ၁၁၂,၀၈၂ | ၂၁၇,၈၁၃ |
| - ကုန်းတွင်း | ။ | ၂၁,၉၇၃ | ၄,၀၇၁ | ၄,၀၄၁ | ၈,၁၁၂ |
| - ကမ်းလွန် | ။ | ၄၂၅,၂၂၅ | ၁၀၁,၆၆၀ | ၁၀၈,၀၄၁ | ၂၀၉,၇၀၁ |
| ဘူးသွင်း သဘာဝဓာတ်ငွေ့ | ။ | ၇,၁၉၅ | ၁,၆၇၀ | ၁,၆၅၇ | ၃,၃၂၇ |

## သတ္တုနှင့်တွင်းထွက်ပစ္စည်း ကဏ္ဍ

- သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံအချို့ ရပ်နားထားခြင်းကြောင့် ကုန်ကြမ်းဝယ်လိုအားဈေးကွက်မရှိခြင်း၊ အချို့ကုန်ကြမ်းစက်ရုံများပါ ရပ်နားသဖြင့် ထုတ်လုပ်မှု မရှိခြင်း၊ တွင်းထွက်ပစ္စည်းများ ထွက်ရှိရာဒေသအချို့ နယ်မြေလုံခြုံမှု အားနည်းခြင်း၊ မိုးရာသီဖြစ်၍ လုပ်ကွက်အတွင်း ရေဝင်သဖြင့် လုပ်ငန်း လည်ပတ်မှုကို အဟန့်အတားဖြစ်ခြင်း နှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံး ကျောက်စရစ်၊ ကျောက်မှာ၊ သဲ အစရှိသည့် ပစ္စည်းများဝယ်လိုအားနည်းခြင်း တို့ကြောင့် ယခင်နှစ် အလားတူကာလထက် အနည်း ငယ်သာ တိုးတက် ထုတ်လုပ် နိုင်ခဲ့ပါသည်။

- သို့ဖြစ်၍ ခဲမဖြူသတ္တုစင် ထုတ်လုပ်မှု မက်ထရစ်တန် **၈၀** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၁၀၀** ထက် မက်ထရစ်တန် **၂၀** လျော့နည်း ခဲ့ပါသည်။ ခဲမဖြူအဖြိုက်နက်ရှီးလိုက်ရောရာ ထုတ်လုပ်မှု မက်ထရစ်တန် **၃၅၂** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၃၃၀** ထက် မက်ထရစ်တန် **၂၂** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ရွှေ ထုတ်လုပ်မှု ထရိုင်အောင်စ **၁၂,၄၂၆** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလထုတ်လုပ်မှု ထရိုင်အောင်စ **၂၂,၀၉၅** ထက် ထရိုင်အောင်စ **၉,၆၆၉** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ကြေးနီသတ္တုစင် ထုတ်လုပ်မှု မက်ထရစ်တန် **၅,၀၀၅** ထုတ်လုပ်ခဲ့ပြီး

ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၆,၈၈၃** ထက် မက်ထရစ်တန် **၁,၈၇၈** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သံမဏိတုံး ထုတ်လုပ်မှု မက်ထရစ်တန် **၁၅,၄၀၂** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု မက်ထရစ်တန် **၁၉,၈၀၀** ထက် မက်ထရစ်တန် **၄,၃၉၈** လျော့နည်း ခဲ့ပါသည်။ ကျောက်စိမ်း ထုတ်လုပ်မှု ကီလိုထောင် **၁၅,၀၀၈** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ကီလိုထောင် **၂၇,၂၉၃** ထက် ကီလိုထောင် **၁၂,၂၈၅** လျော့နည်းခဲ့ပါသည်။ ကျောက်မျက်ရတနာထုတ်လုပ်မှု ကရက်ထောင် **၇,၀၂၁** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၅,၈၈၀** ထက် ကရက်ထောင် **၁,၁၄၁** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ကျောက်မီးသွေး ထုတ်လုပ်မှု တန်ထောင် **၂၄၅** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၄၀၆** ထက် ကုဗတန် **၁၆၁** လျော့နည်းထုတ်လုပ်ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | တစ်နှစ်လုံး ထုတ်လုပ်မှု ရည်မှန်းချက် | ထုတ်လုပ်မှု | | |
|---|---|---|---|---|---|
| | | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ခဲမဖြူသတ္တုစင် (၉၉.၉%) | မက်ထရစ်တန် | ၁၇၀ | ၄၅ | ၃၅ | ၈၀ |
| ခဲမဖြူအဖြိုက်နက် ရှိုးလိုက်ရောရာ | ။ | ၈၆၀ | ၂၂၀ | ၁၃၂ | ၃၅၂ |
| ရွှေ | ထရိုင်အောင်စ | ၂၇,၆၁၁ | ၇,၂၇၄ | ၅,၁၅၂ | ၁၂,၄၂၆ |
| ကြေးနီသတ္တုစင် | မက်ထရစ်တန် | ၂၅,၀၀၀ | ၁,၉၈၉ | ၃,၀၁၆ | ၅,၀၀၅ |
| သံမဏိတုံး | မက်ထရစ်တန် | ၉၇,၃၀၁ | ၄,၇၀၆ | ၁၀,၆၉၆ | ၁၅,၄၀၂ |
| ကျောက်စိမ်း | ကီလို(ထောင်) | ၅၂,၁၃၆ | ၁၃,၃၈၉ | ၁,၆၁၉ | ၁၅,၀၀၈ |
| ကျောက်မျက်ရတနာ | ကရက်(ထောင်) | ၁၃,၇၈၉ | ၄,၃၃၆ | ၂,၆၈၅ | ၇,၀၂၁ |
| ကျောက်မီးသွေး | တန်(ထောင်) | ၅၆၆ | ၁၁၁ | ၁၃၅ | ၂၄၆ |
| ဘရိုက်တီးကျောက် | မက်ထရစ်တန် | ၂၆,၀၀၀ | ၆,၁၄၉ | ၄,၄၄၀ | ၁၀,၅၈၉ |

စက်မှုလက်မှုကဏ္ဍ

- ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံတစ်ဝှမ်းတွင် နိုင်ငံပိုင် စက်ရုံ **၅၉၃**၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် စက်ရုံ **၅၄** ၊ စည်ပင်သာယာရေးကော်မတီများ **၁၇** ၊ ပုဂ္ဂလိက မှတ်ပုံတင်မှုလုပ်ငန်းများ **၆၄,၉၃၉** ၊အခြား ပုဂ္ဂလိက စက်မှုလုပ်ငန်းငယ်များ **၅၉,၃၀၀** စုစုပေါင်း အလုပ်ရုံဦးရေ **၁၂၄,၉၀၃** ဖြင့် စက်မှုလက်မှု ကုန်ပစ္စည်းများ ထုတ်လုပ်လျှက် ရှိပါသည်။
- အစီရင်ခံသည့် ကာလအတွင်း ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှု တိုးတက်ခဲ့ပါသည်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် အတွင်း လျှပ်စစ်ဓါတ်အား ပုံမှန် ရရှိခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် ဆန် ထုတ်လုပ်မှု မက်ထရစ်တန်ထောင် **၁,၈၆၀.၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလထုတ်လုပ်မှု **၂,၀၉၉.၂** ထက် မက်ထရစ်တန်ထောင် **၂၃၈.၅** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ စားဆီ ထုတ်လုပ်မှု ပိဿာသန်း **၁၉၈** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု ပိဿာသန်း **၂၁၅** ထက် ပိဿာသန်း **၁၇** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သကြား ထုတ်လုပ်မှု မက်ထရစ်တန်ထောင်ပေါင်း **၃၂** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၃၇** ထက် မက်ထရစ်တန်ထောင်ပေါင်း **၅** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ဆားထုတ်လုပ်မှု မက်ထရစ်တန်ထောင်ပေါင်း **၃၉၆** ထုတ်လုပ် ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၄၇၄** ထက် မက်ထရစ်တန်ထောင်ပေါင်း **၇၈** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ စီးကရက် ထုတ်လုပ်မှု လိပ်ရေ (သန်း) **၅,၂၂၄** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၃,၀၈၀** ထက် လိပ်ရေ (သန်း) **၂,၁၄၄** ပိုမို ထုတ်လုပ် ခဲ့ပါသည်။ ချည်ခင်ထုတ်လုပ်မှု မက်ထရစ်တန်ထောင်ပေါင်း **၁၇.၉၀** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၈၉၁** ထက် မက်ထရစ်တန်ထောင်ပေါင်း **၁၁.၇၄** လျော့နည်း ထုတ်လုပ်ခဲ့ပါ သည်။ ဘိလပ်မြေထုတ်လုပ်မှု မက်ထရစ် တန်ထောင် ပေါင်း **၄၇၇** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူ ကာလ ထုတ်လုပ်မှု **၈၉၁** ထက် မက်ထရစ်တန် ထောင်ပေါင်း **၄၁၄** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ကျွန်းခွဲသား ထုတ်လုပ်မှု ကုဗတန် **၄,၀၈၆** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထုတ်လုပ်မှု **၇,၆၃၆** ထက် ကုဗတန် **၃,၅၅၀** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ သစ်မာခွဲသား ထုတ်လုပ်မှု ကုဗတန်

ထောင်ပေါင်း **၁,၄၇၁** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၉၇၀** ထက် ကုဗတန် ထောင်ပေါင်း **၅၀၁** ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ဖယောင်းတိုင် ထုတ်လုပ်မှု မက်ထရစ်တန် ထောင်ပေါင်း **၁၂၈** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလ ထုတ်လုပ်မှု **၄၀၆** ထက် မက်ထရစ်တန် ထောင်ပေါင်း **၂၇၈** လျော့နည်း ထုတ်လုပ်ခဲ့ပါသည်။ ဓါတ်မြေသြဇာထုတ်လုပ်မှု မက်ထရစ်တန် ထောင်ပေါင်း **၄၃၅** ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထုတ်လုပ်မှု **၃၅၇** ထက် မက်ထရစ်တန်ထောင်ပေါင်း **၇၈** ပိုမို ထုတ်လုပ်ခဲ့ပါသည် ။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ စက်မှုလက်မှု ထုတ်ကုန် ပစ္စည်း ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | **တစ်နှစ်လုံး** | **ထုတ်လုပ်မှု** | | |
|---|---|---|---|---|---|
| | | **ထုတ်လုပ်မှု ရည်မှန်းချက်** | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ဆန် | မက်ထရစ်တန်(ထောင်) | ၁၇,၈၂၇.၀ | ၁,၀၅၀.၀ | ၈၁၀.၇ | ၁,၈၆၀.၇ |
| စားဆီ | ပိဿာ(ထောင်) | ၅၃၁,၅၉၃ | ၉,၉၃၉ | ၁၈၈,၂၁၄ | ၁၉၈,၁၅၃ |
| သကြား | မက်ထရစ်တန် | ၂၈၅,၂၂၆ | ၁၉,၈၈၄ | ၁၂,၀၆၅ | ၃၁,၉၄၉ |
| ဆား | ။ | ၈၃၈,၀၅၀ | ၃၄၄,၇၀၁ | ၅၁,၇၉၃ | ၃၉၆,၄၉၄ |
| စီးကရက် | လိပ်ရေ(သန်း) | ၁၂,၂၀၅ | ၂,၁၄၂ | ၃,၀၈၂ | ၅,၂၂၄ |
| ချည်ခင် | မက်ထရစ်တန်(ထောင်) | ၄၅.၀၀ | ၇.၉၇ | ၉.၉၃ | ၁၇.၉၀ |
| ဂုန်နီအိတ် | အိတ်ရေ(ထောင်) | ၁၇ | ၁ | ၁ | ၂ |
| ဆပ်ပြာ | မက်ထရစ်တန် | ၁၅၂,၆၆၆ | ၃၅,၂၂၂ | ၃၂,၅၃၅ | ၆၇,၇၅၇ |
| စက္ကူ | ။ | ၁၆၇,၇၇၉ | ၂၉,၁၄၂ | ၂၅,၄၈၂ | ၅၄,၆၂၄ |
| ဘိလပ်မြေ | ။ | ၂,၂၇၇,၇၄၀ | ၃၁၈,၇၄၇ | ၁၅၈,၃၃၁ | ၄၇၇,၀၇၈ |
| ကျွန်းခွဲသား | ကုဗတန် | ၈,၉၅၀ | ၈၁၁ | ၃,၂၇၅ | ၄,၀၈၆ |
| သစ်မာခွဲသား | ကုဗတန် | ၂,၅၁၉,၉၇၁ | ၇၁၀,၅၉၉ | ၇၆၀,၆၄၅ | ၁,၄၇၁,၂၄၄ |
| ဓာတ်ဆီ | ဂါလန်(ထောင်) | ၁၃၁,၆၉၆ | ၃၂,၇၇၉ | ၂၁,၈၂၂ | ၅၄,၆၀၁ |
| ရေနံဆီ | ။ | ၂၈၃ | ၅၃ | ၈၂ | ၁၃၅ |

| | | တစ်နှစ်လုံး | ထုတ်လုပ်မှု | | |
|---|---|---|---|---|---|
| | | ထုတ်လုပ်မှု ရည်မှန်းချက် | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ဒီဇယ်ဆီ | ။ | ၄၉,၇၇၉ | ၁၁,၆၄၈ | ၁၁,၅၆၃ | ၂၃,၂၁၁ |
| မီးထိုးဆီ | ။ | ၁၄,၄၀၁ | ၂,၀၁၅ | ၃,၄၂၀ | ၅,၄၃၆ |
| ဖယောင်းတိုင် | မက်ထရစ်တန် | ၅၉၇,၈၇၉ | ၆၀,၆၆၃ | ၆၇,၃၇၉ | ၁၂၈,၀၄၂ |
| ဓာတ်မြေသြဇာ | မက်ထရစ်တန် | ၁,၂၃၀,၄၄၉ | ၂၁၀,၉၈၇ | ၂၂၂,၆၂၇ | ၄၃၄,၆၁၄ |
| မော်တော်ကား | စီးရေ | ၁၄,၇၃၈ | ၂,၇၉၃ | ၂,၆၇၂ | ၅,၄၆၅ |
| ရေစုပ်စက် | စုံ | ၁၇,၀၅၄ | ၃,၃၅၀ | ၁,၄၄၆ | ၄,၇၉၇ |
| လယ်ထွန်စက် | စီးရေ | ၂၁၃ | ၂၂ | ၃၄ | ၅၆ |
| လက်တွန်း လယ်ထွန်စက် | ။ | ၁၀,၈၀၀ | ၁,၀၄၄ | ၁,၆၉၁ | ၂,၇၃၅ |

## လျှပ်စစ်ဓာတ်အားကဏ္ဍ

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ ရေအား၊ ရေနွေးငွေ့အားနှင့် သဘာဝဓါတ်ငွေ့သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံများမှ စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် **၃,၆၀၆** ဖြစ်ပြီး၊ ကီလိုဝပ်နာရီ သန်းပေါင်း **၄,၉၁၉** သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယခင်နှစ် အလားတူကာလတွင် စုစုပေါင်း တပ်ဆင်အင်အား မဂ္ဂါဝပ် **၃,၃၈၆** ဖြစ်ပြီး၊ ကီလိုဝပ်နာရီ သန်းပေါင်း **၄,၆၇၄** သန်းသာထုတ်လုပ်နိုင်ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ ၆ လ ကုန်အထိ လျှပ်စစ်ဓါတ်အားအသုံးပြုမှု အခြေအနေမှာ တစ်ဖက်ပါ အတိုင်း ဖြစ်ပါသည်။

**(ကီလိုဝပ်နာရီသန်းပေါင်း)**

| | တစ်နှစ်လုံး | ထုတ်လုပ်မှု | | |
|---|---|---|---|---|
| | စီမံကိန်း ရည်မှန်းချက် | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **၁၃,၃၇၈.၃** | **၂,၈၃၆.၆** | **၃,၁၆၁.၇** | **၅,၉၉၈.၄** |
| **- နိုင်ငံပိုင်** | **၈,၁၉၁.၁** | **၁,၈၄၉.၄** | **၂,၁၄၂.၀** | **၃,၉၉၁.၄** |
| - စက်ရုံသုံး | ၂,၉၁၉.၆ | ၅၄၁.၂ | ၇၅၅.၁ | ၁,၂၉၆.၃ |
| - အိမ်သုံး | ၃,၅၃၃.၃ | ၈၉၃.၀ | ၉၄၃.၄ | ၁,၈၃၆.၄ |
| - ဆေးရုံ၊ရုံး၊ကျောင်း စသည့်အသုံး | ၁,၆၅၅.၆ | ၃၉၄.၅ | ၄၂၃.၆ | ၈၁၈.၁ |
| - အထွေထွေသုံး | ၈၂.၆ | ၂၀.၇ | ၁၉.၉ | ၄၀.၆ |
| **- သမဝါယမပိုင်** | **၁.၂၈၉** | **၀.၃၂၆** | **၀.၃၂၆** | **၀.၆၅၂** |
| **- ပုဂ္ဂလိကပိုင်** | **၅,၁၈၅.၉** | **၉၈၆.၉** | **၁၀၁၉.၄** | **၂,၀၀၆.၃** |

**ဆောက်လုပ်မှုကဏ္ဍ**

- ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ တံတား၊ ကျောင်းများ ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရုံးများ၊ လူနေအိမ် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ နိုင်ငံတကာ အဆင့်မီ အားကစားရုံတည်ဆောက်ခြင်း၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အခြေခံ လိုအပ်ချက်ဖြစ်သည့် ဟိုတယ်များ တည်ဆောက်ခြင်းနှင့် ဆည်မြောင်းတာတမံ ဆောက်လုပ်မှု များ ဆောင်ရွက်ခဲ့ပါသည်။

**ဝန်ဆောင်မှုကဏ္ဍကြီး**

- အစီရင်ခံသည့် ပထမ ၆ လ အတွင်း ဝန်ဆောင်မှုကဏ္ဍကြီး၏ အသားတင် ဝန်ဆောင်မှု တန်ဖိုးမှာ ယခင်နှစ် အလားတူ ကာလထက် **၁၂.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍ၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်ရေးကဏ္ဍတို့တွင် **၇.၄** ရာခိုင်နှုန်း၊ **၁၂.၀** ရာခိုင်နှုန်း၊ **၆၆.၈** ရာခိုင်နှုန်း ၊

၂၇.၆ ရာခိုင်နှုန်း ၊ ၉.၉ ရာခိုင်နှုန်း နှင့် ၅.၂ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

- သုံးလပတ် အလိုက် ဝန်ဆောင်မှု ကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပါဝင်သည့် ကဏ္ဍများ၏ အသားတင် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် အကောင်အထည် ဖော်မှုအရ ယခင်နှစ် အလားတူကာလ အပေါ် တိုးတက်မှုနှုန်း မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | တစ်နှစ်လုံး ရည်မှန်းချက် တိုးတက်မှုနှုန်း | အကောင်အထည်ဖော်မှုအရ တိုးတက်မှုနှုန်း | | |
|---|---|---|---|---|
| | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ဝန်ဆောင်မှု ကဏ္ဍကြီး | ၈.၃ | ၉.၆ | ၁၄.၆ | ၁၂.၄ |
| - ပို့ဆောင်ရေးကဏ္ဍ | ၄.၅ | ၆.၈ | ၈.၀ | ၇.၄ |
| - ဆက်သွယ်ရေးကဏ္ဍ | ၁၅၀.၄ | ၇၈.၈ | ၁၅၁.၂ | ၁၂၁.၀ |
| - ငွေရေးကြေးရေးကဏ္ဍ | ၈.၁ | ၅၆.၀ | ၇၄.၅ | ၆၆.၈ |
| - လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၃.၂ | ၂၆.၃ | ၂၈.၈ | ၂၇.၆ |
| - ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၁၄.၆ | ၈.၈ | ၁၀.၉ | ၉.၉ |
| - ကုန်သွယ်ရေး | ၄.၁ | ၃.၃ | ၆.၅ | ၅.၂ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါ သည်။

| | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း | | |
|---|---|---|---|
| | ပထမ | ဒုတိယ | ပထမ |
| | သုံးလပတ် | သုံးလပတ် | ၆ လ |
| ဝန်ဆောင်မှု ကဏ္ဍကြီး | ၁၆.၂ | ၂၁.၅ | ၃၇.၇ |
| - ပို့ဆောင်ရေးကဏ္ဍ | ၁၉.၇ | ၂၄.၀ | ၄၃.၇ |
| - ဆက်သွယ်ရေးကဏ္ဍ | ၁၇.၂ | ၃၃.၈ | ၅၁.၁ |
| - ငွေရေးကြေးရေးကဏ္ဍ | ၂၆.၇ | ၄၁.၄ | ၆၈.၀ |
| - လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ | ၂၄.၂ | ၂၆.၃ | ၅၀.၅ |
| - ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ | ၂၃.၆ | ၂၅.၀ | ၄၈.၅ |
| - ကုန်သွယ်ရေး | ၁၂.၂ | ၁၇.၅ | ၂၉.၆ |

**ပို့ဆောင်ရေးကဏ္ဍ**

- ပို့ဆောင်ရေးကဏ္ဍ အနေ ဖြင့် မြန်မာ့လေကြောင်း၊ သမဝါယမပိုင် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများမှ ခရီးသည် ပို့ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကပိုင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ အငှားယာဉ်နှင့် ခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း များ ပိုမိုဆောင်ရွက်နိုင်ခဲ့ ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ**

- တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ခဲ့သဖြင့် ဝင်ငွေများတိုးတက်ရရှိ ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ)တွင် အော်တိုတယ်လီဖုန်း **၄,၆၀၇** လုံး၊ GSM **၇၇၄,၅၆၈** လုံး၊ CDMA 450 **၁၇,၈၃၂** လုံး၊ CDMA WLL Mobile **၇,၃၅၄** လုံး၊ WCDMA **၉၃,၇၁၃** လုံး တို့ကို အသစ်တပ်ဆင်ခွင့်ပြုခဲ့သည့် အပြင် တယ်လီဖုန်းခေါ်ဆိုသည့် ကြိမ်ရေများ များပြား လာကြောင်းတွေ့ရှိရပါသည်။

**ငွေရေးကြေးရေးကဏ္ဍ**

- နိုင်ငံပိုင် နှင့် ပုဂ္ဂလိကပိုင်ဘဏ်များ ၏ ဝန်ဆောင်မှုများ တိုးတက်လာခြင်း၊ သမဝါယမငွေစုငွေချေးအသင်းများမှ ဝင်ငွေများပိုမိုရရှိလာခြင်း၊ ပုဂ္ဂလိကဘဏ်ခွဲအသစ်များ ဖွင့်လှစ်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့် ဆင်းရဲမှု လျှော့ချရေး

လုပ်ငန်းစဉ်များ အတွက် အသေးစားငွေချေး လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါသည်။

- နိုင်ငံပိုင်ဘဏ်များအနေဖြင့် အစီရင်ခံသည့် ပထမ ၆ လ အတွင်း ဝင်ငွေ ရရှိမှု အခြေအနေမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် **၁၃၄,၂၃၃.၃** သန်း ၊ မြန်မာ့စီးပွားရေးဘဏ်မှ ကျပ် **၅၇,၃၄၅.၁** သန်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်မှ ကျပ် **၁၁,၂၀၄.၅** သန်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်မှ ကျပ် **၁၁,၄၆၇.၀** သန်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ကျပ် **၁၉,၃၄၉.၀** သန်း ၊ မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေး လုပ်ငန်းမှ **၁,၆၁၈.၈** သန်း ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ **၈,၆၈၇.၇** သန်း စသည်ဖြင့် စုစုပေါင်း ကျပ် **၂၄၃,၉၀၅.၄** သန်းရရှိခဲ့ပါသည်။ ယခင်နှစ် အလားတူကာလ စုစုပေါင်း ဝင်ငွေ မှာ ကျပ် **၁၉၃,၅၆၅.၈** သန်း ဖြစ်ပါသည်။

## လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအဖွဲ့အစည်းများအား ဦးစီးဌာနအသွင် ပြန်လည် ဖွဲ့စည်းခြင်း၊ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဝန်ကြီးရုံး နှင့် ဦးစီးဌာန ရုံးချုပ်များ၏ အသုံးစရိတ်များကို ၂၀၁၂-၂၀၁၃မှ စ၍ နေပြည်တော် ကောင်စီ နယ်မြေတွင် ထည့်သွင်းတွက်ချက်ခြင်း၊ ၂၀၁၂ခုနှစ် ဧပြီလမှ စ၍ နိုင်ငံ့ဝန်ထမ်းများအတွက် အပို ထောက်ပံ့ကြေး ကျပ် **၃၀,၀၀၀** ပေးခဲ့သည့် အပြင်ဝေးလံခေါင်သီပြီးလူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန် ထမ်းဆောင်ကြသော နိုင်ငံ့ဝန်ထမ်းများ အတွက် လစာငွေနှစ်ဆ တိုးမြှင့်ပေးခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် သာမန် အသုံးစရိတ်များ တိုးမြှင့် သုံးစွဲခဲ့ပါသည်။

## ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍ

- နိုင်ငံပိုင်အခန်းမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ စည်ပင်သာယာရေးကော်မတီများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း တို့အနေဖြင့် ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပုဂ္ဂလိကပိုင်အခန်းမှအခြေခံနှင့်အဆင့်မြင့်ကျောင်းများ၊တက္ကသိုလ်များ၊ကျူရှင်လုပ်

ငန်း၊ ဘော်ဒါဆောင်လုပ်ငန်း၊ Day Special လုပ်ငန်းများ၊ ဟိုတယ်၊မိုတယ်၊အင်း လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ခန်းမနှင့်ပစ္စည်း ငှားရမ်း လုပ်ငန်းများ၊ မူကြို ကျောင်း များ၊ ဆေးရုံဆေးခန်းများ၊ ကွန်ပျူတာမိတ္တူ လုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ စားသောက် ဆိုင် လုပ်ငန်း၊ Beauty Salon ၊Fitness Centre၊ ပြည်တွင်း ပြည်ပ ခရီးသွား လုပ်ငန်းများ အစရှိသည်တို့မှ ဝန်ဆောင်မှု လုပ်ငန်းများ တိုးချဲ့ ဆောင်ရွက် နိုင်ခဲ့ပါသည်။

**ကုန်သွယ်မှုကဏ္ဍ**

- ကုန်ပစ္စည်း ထုတ်လုပ်သည့် ကဏ္ဍများဖြစ်သော လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုကဏ္ဍတို့မှထုတ်လုပ်သည့် ကုန် ပစ္စည်းများနှင့် သွင်းကုန်ပစ္စည်းများ ၏ ပြည်တွင်းပြည်ပ ဈေးကွက် သို့ ကုန်သွယ် နိုင်မှုမှာ ယခင်နှစ် အလားတူ ကာလထက် တိုးတက်ခဲ့ပါသည်။

၈။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) ကဏ္ဍ အလိုက် အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးအခြေအနေကို **<u>နောက်ဆက်တွဲ (၁)</u>** ဖြင့် လည်းကောင်း၊ ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အခြေ အနေကို **<u>နောက်ဆက်တွဲ(၂)</u>** ဖြင့် လည်းကောင်း ပြုစု တင်ပြအပ်ပါသည်။


**(ခ) တိုင်းဒေသကြီး နှင့် ပြည်နယ်**

၉။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ တွင် ကချင်၊ တနင်္သာရီ၊ ရှမ်းနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ယခင်နှစ်အလားတူ ကာလထက် တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု တိုးတက်မှုနှုန်းတို့ကို တစ်ဖက်ပါအတိုင်း တင်ပြအပ်ပါသည်။

| စဥ် | တိုင်းဒေသကြီး/ ပြည်နယ် | စီမံကိန်း ရည်မှန်းချက် | အကောင်အထည်ဖော်နိုင်မှုအရ တိုးတက်မှုနှုန်း | | |
|---|---|---|---|---|---|
| | | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ၁ | ကချင်ပြည်နယ် | ၅.၇ | -၁၀.၇ | - ၇.၇ | -၉.၂ |
| ၂ | ကယားပြည်နယ် | ၄.၄ | ၁၈.၈ | ၂.၇ | ၆.၅ |
| ၃ | ကရင်ပြည်နယ် | ၈.၀ | ၆.၃ | ၁၁.၅ | ၉.၅ |
| ၄ | ချင်းပြည်နယ် | ၇.၄ | ၂၆.၁ | ၂၂.၁ | ၂၃.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၈.၂ | ၅.၂ | ၅.၆ | ၅.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၆.၉ | -၄.၅ | ၁.၆ | -၁.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၆.၈ | ၁.၉ | ၈.၀ | ၅.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၇ | ၁၅.၁ | ၅.၅ | ၇.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆.၇ | ၆.၂ | -၂.၄ | ၁.၂ |
| ၁၀ | မွန်ပြည်နယ် | ၈.၄ | -၁၈.၃ | ၂၉.၉ | ၉.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၆ | ၁.၆ | ၇.၃ | ၅.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၉ | ၁၇.၀ | ၂၉.၆ | ၂၃.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၆.၁ | -၈.၀ | - ၀.၇ | -၃.၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅.၀ | ၀.၂ | - ၅.၆ | -၂.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၂.၅ | ၇၄.၀ | ၂၄.၃ | ၄၂.၅ |

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီမံကိန်းတွင် နှစ်ကုန်၌ ဖြစ်ပေါ်ရည်မှန်းထားသည့် တန်ဖိုးအပေါ် အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း | | |
|---|---|---|---|---|
| | | ပထမ သုံးလပတ် | ဒုတိယ သုံးလပတ် | ပထမ ၆ လ |
| ၁ | ကချင်ပြည်နယ် | ၉.၈ | ၉.၆ | ၁၉.၄ |
| ၂ | ကယားပြည်နယ် | ၁၀.၀ | ၂၇.၈ | ၃၇.၈ |
| ၃ | ကရင်ပြည်နယ် | ၉.၈ | ၁၅.၇ | ၂၅.၄ |
| ၄ | ချင်းပြည်နယ် | ၁၂.၄ | ၂၃.၂ | ၃၅.၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀.၁ | ၁၉.၇ | ၂၉.၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၅.၈ | ၂၁.၃ | ၃၇.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၁၁.၆ | ၁၄.၀ | ၂၅.၆ |
| ၈ | မကွေးတိုင်းဒေသကြီး | ၈.၈ | ၃၃.၃ | ၄၂.၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၄.၂ | ၁၈.၄ | ၃၂.၆ |
| ၁၀ | မွန်ပြည်နယ် | ၉.၉ | ၂၂.၁ | ၃၂.၀ |
| ၁၁ | ရခိုင်ပြည်နယ် | ၁၂.၅ | ၂၀.၅ | ၃၃.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆.၃ | ၁၉.၁ | ၃၅.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၃ | ၂၁.၇ | ၃၁.၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၅.၅ | ၁၃.၅ | ၂၉.၀ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၈.၉ | ၂၃.၄ | ၄၂.၄ |




## ကချင်ပြည်နယ်

- ကချင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးအနေဖြင့် ယခင်နှစ်အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၉.၂** ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ထိုသို့ လျော့နည်းခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁၀.၇** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၇.၇** ရာခိုင်နှုန်း လျော့နည်း ခဲ့ပါသည်။

- အဓိကအားဖြင့် ကချင်ပြည်နယ်အတွင်း နယ်မြေ အခြေအနေကြောင့် ပူတာအိုခရိုင်မှအပ ကျန်ခရိုင်များတွင် လယ်ယာစိုက်ပျိုးမှု နည်းခြင်း၊ ကုမ္ပဏီနှင့် ဒေသခံ တောင်သူများ မှ အခြားသီးနှံများ မစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးပြီးသီးနှံများမှာလည်း မရိတ်သိမ်းနိုင်ခြင်း ၊ ကျောက်စိမ်းတူးဖော်နိုင်မှု မရှိခြင်း၊ ပြည်တွင်းသုံး ဖြန့်ဖြူးသည့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု လျော့နည်းခြင်း ၊ ပြည်ပသို့ ဖြန့်ဖြူးသည့် တာပိန်ရေအား လျှပ်စစ်စက်ရုံ ရပ်ဆိုင်းခြင်း၊ ယခင်နှစ်တွင် ဆောက်လုပ်ခဲ့သည့် ဧရာဝတီတံတား(ဆင်းခန်း)ချီဖွေငယ် ရေအားလျှပ်စစ် စီမံကိန်းများ ပြီးစီးသွားခြင်း

နှင့် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်း ရပ်ဆိုင်းထားခြင်းတို့ကြောင့် ယခင်နှစ် အလားတူကာလထက် လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည် ။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၆.၆** ရာခိုင်နှုန်း **စက်မှုကဏ္ဍကြီး** တွင် **၂၁.၅** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁.၁** ရာခိုင်နှုန်း အသီးသီး **လျော့နည်း** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှု ရာခိုင်နှုန်း မှာ **၁၉.၄** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၉.၈** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၉.၆** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ကယားပြည်နယ်**

- ကယားပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၆.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁၈.၈** ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၂.၇** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

- လယ်ယာကဏ္ဍတွင် ဘော်လခဲခရိုင်၌ နွေစပါးစိုက်ပျိုးမှု လျော့နည်းခြင်း ၊ မိုးရွာ သွန်းချိန် နောက်ကျ၍ စိုက်ပျိုးချိန် နောက်ကျခဲ့ပြီး ရိတ်သိမ်းချိန် နောက်ကျခြင်း ကြောင့် လယ်ယာကဏ္ဍတွင် လျော့နည်းခဲ့ပါသည် ။

- သစ်တောကဏ္ဍတွင် ယခင်နှစ် အလားတူကာလက သစ်ကွက်အတွင်း ဖောက်လုပ် ထားသော သစ်တိုက်လမ်းများပျက်စီးပြီး လုပ်ငန်း ဆောင်ရွက်နိုင်မှု မရှိသဖြင့် သစ်ထွက်ရှိမှု နည်းခဲ့သော်လည်း ယခုနှစ်တွင် သစ်တိုက်လမ်းများ ကောင်းမွန်ပြီး အကွက်တွင်းမှ သစ်လုံးများ သတ်မှတ်သစ်ဆိပ်သို့ ကားတိုက် ဆောင်ရွက်နိုင်

သဖြင့် ထွက်သစ်များ ပိုလာခြင်း ၊ ဆက်သွယ်ရေး ကဏ္ဍတွင် ယခုနှစ်အတွင်း GSM တယ်လီဖုန်း ၄၅၀၀ ကျော် တပ်ဆင်နိုင်ခြင်း ၊ ငွေရေးကြေးရေးကဏ္ဍတွင်လည်း ကမ္ဘောဇဘဏ်၏ ယခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်မှု မြင့်တက်ခဲ့ခြင်း တို့ကြောင့် ဖြစ်ပါသည် ။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၃.၃** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၄.၁** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၂.၂** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှု ရာခိုင်နှုန်းမှာ **၃၇.၈** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၀.၀** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၇.၈** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ကရင်ပြည်နယ်**

- ကရင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာ လ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၉.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက် ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၆.၃** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၁၁.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါ သည်။
- ဒေသရေမြေသဘာဝနှင့် ကိုက်ညီသည့် ကြက်ပေါင်စေးစိုက်ပျိုးမှုတွင် နည်းပညာ ဖြန့်ဖြူးပေးခြင်းနှင့် ပြည်နယ်အတွင်းနယ်မြေ အေးချမ်းလာမှုကြောင့် အစေးလှီး ဧကများ ပိုမိုဖော်ထုတ်နိုင်ခဲ့ပါသည်။
- စက်မှုလက်မှုကဏ္ဍတွင် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး ပစ္စည်းများဖြစ်သည့် ဘလောက်အုတ်၊ ကျောက်ပြား၊ သံပန်းသံတံခါးထုတ်လုပ်မှု၊ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ တိုးတက်ထုတ်လုပ်ခဲ့ပါသည်။

- ဆက်သွယ်ရေးကဏ္ဍတွင် ယခုနှစ်အတွင်း တယ်လီဖုန်း ပိုမိုတပ်ဆင်နိုင်ပြီး ငွေရေးကြေးရေးကဏ္ဍတွင်လည်း ကမ္ဘောဇဘဏ်၊ စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်နှင့် ဧရာဝတီဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၉.၃** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၆.၅** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၁.၁** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုမှာ **၂၅.၄** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၉.၈** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၅.၇** ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။

**ချင်းပြည်နယ်**

- ချင်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့်နှိုင်းယှဥ်ပါက **၂၃.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့တိုးတက်ခဲ့ရာတွင် ပထမသုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၂၆.၁** ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၂၂.၁** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။
- လယ်ယာကဏ္ဍတွင် ယခုနှစ် မိုးဦးစောသဖြင့် တောင်ယာစပါး ၊ အစေ့ထုတ်ပြောင်း ၊ အခြားနှံစား သီးနှံများ ၊ မိုးမြေပဲ ၊ နေကြာ ၊ ငရုတ် ၊ အာလူး၊ လက်ဖက် ၊သီးနှံများ ယခင်နှစ်ကထက် ရိတ်သိမ်းချိန် စောခဲ့ခြင်းကြောင့် ပိုမို ထွက်ရှိခဲ့ပါသည်။ ဖူးစားပြောင်းတွင် စီးပွားရေး တွက်ချေ မကိုက်သဖြင့် စိုက်ဧက နည်းခဲ့ပါသည် ။
- ဆက်သွယ်ရေးကဏ္ဍ တွင် တယ်လီဖုန်းအသစ်များ တိုးချဲ့ တပ်ဆင်ခွင့် ပြုခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိက ချေးငွေလုပ်ငန်းများ တိုးတက်လာခဲ့ပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် ၁၀.၂ ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် ၂၃.၉ ရာခိုင်နှုန်းနှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် ၄၉.၃ ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၃၅.၆** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၂.၄** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၃.၂** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

- စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၅.၄** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမသုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၅.၂** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၅.၆** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- စစ်ကိုင်းတိုင်းအတွင်း ယခုနှစ် မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် မိုးစပါး ၊ပဲမျိုးစုံ ၊ မိုးနှမ်း ၊ ဝါ အစရှိသည့် သီးနှံများ စိုက်ဧက လျော့နည်းခဲ့ပါသည်။ နွေစပါး တွင်လည်း မိုးရွာသွန်းမှု နည်းပါးပြီး ဆည်ရေပေးချိန် နှစ်ပတ်ခန့် နောက်ကျခြင်း ၊ သီးထပ် သီးနှံများ ရိတ်သိမ်းခြွေလှေ့ပြီးမှ စိုက်ပျိုး ရိတ်သိမ်းရခြင်းကြောင့် အထွက် လျော့နည်းခဲ့ပါသည်။ အစေ့ထုတ်ပြောင်း ၊ အခြားနှံစားသီးနှံ ၊ ပဲမျိုးစုံ ၊ မိုးမြေပဲ ၊ မိုးနှမ်း ၊ ချည်မျှင်ရှည်ဝါများ ထွက်ရှိမှု လျော့နည်းခဲ့ပါသည်။ စွမ်းအင်ကဏ္ဍတွင် ကလေးမြို့နယ်ရှိ ရေနံကျင်းဟောင်းများမှ ရေနံအထွက်နှုန်း ကျဆင်းလာခြင်း ၊ ရေနံကျင်းသစ်များ တိုးချဲ့ တူးဖော်ထုတ်လုပ်မှု အားနည်းခြင်း ၊ ကျွန်းလှမြို့နယ်ရှိ ရေနံတွင်းများမှာ သက်တမ်းကြာမြင့်နေပြီး ရေနံကျင်းများ ပြိုကျခြင်းနှင့် ကနီမြို့နယ်ရှိ ရေနံမှော်များမှာ ဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ကုမ္ပဏီများမှ စာရင်းမရရှိခြင်း တို့ကြောင့် စွမ်းအင်ကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။

- သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ တွင် မော်လိုက်ခရိုင် နှင့် ခန္တီးခရိုင်များ တွင် မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ထုတ်လုပ်နိုင်စွမ်း မရှိခဲ့ပါ။ ထို့အပြင် ကသာခရိုင်အတွင်း တည်ဆောက်ရေး လုပ်ငန်းကြီးများ ပြီးစီးသွားသဖြင့် ပုံမှန် ဆောက်လုပ်ရေးလုပ်ငန်းများအတွက်သာ အခြားကျောက်များ ထုတ်လုပ်ခဲ့ပါသည်။ ရွှေထုတ်လုပ်မှုတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လက်လုပ်လက်စား ရွှေတူးဖော်ခွင့်ကို ခွင့်မပြုခဲ့ပါသဖြင့် လျော့နည်းခဲ့ပါသည်။

- စက်မှု လက်မှုကဏ္ဍတွင် နိုင်ငံပိုင်အခန်း ချည်မျှင်နှင့် အထည်စက်ရုံမှ ထုတ်လုပ်မှုများ ကျဆင်းခြင်း ၊ မြန်မာ့သစ်လုပ်ငန်းမှ ကျွန်းသစ်ခွဲသား ထုတ်လုပ်မှုနှင့် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်း၏ ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း အခြားပုဂ္ဂလိက အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၀.၇** ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၆.၃** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၃.၅** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၂၉.၈** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၀.၁** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၉.၇** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

- တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဥ်ပါက **၁.၁** ရာခိုင်နှုန်း လျော့နည်း ခဲ့ပါသည်။ ထိုသို့ လျော့နည်းခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၄.၅** ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၁.၆** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

- လယ်ယာကဏ္ဍတွင် မိုးသီးနှံများမှာ မိုးဦးစောပြီး မိုးအဆက်မပြတ် ရွာသွန်းခြင်း၊ သီးထပ်သီးညှပ် စိုက်ပျိုးမှု လျော့နည်းခြင်း၊ မိုးများပြီး စိုက်ပျိုးမြေနေရာများ ရေနစ်မြုပ်ခြင်းတို့ကြောင့် စိုက်ပျိုးထွက်ရှိမှု လျော့နည်းခဲ့ပါသည်။ သားငါးကဏ္ဍတွင် အဓိကအားဖြင့် ပုလဲထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

- စွမ်းအင်ကဏ္ဍတွင် ပြည်ပဝယ်လိုအားပေါ်မူတည်၍ ထုတ်လုပ်ရသဖြင့် အထွက် လျော့နည်းခဲ့ပါသည်။

- လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပုဂ္ဂလိကစက်ရုံများ၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှု ပိုမိုများပြားလာပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၅.၅** ရာခိုင်နှုန်း **လျော့နည်း**ခဲ့ပြီး **စက်မှုကဏ္ဍကြီး** တွင် **၃.၂** ရာခိုင်နှုန်း **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၄.၉** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၃၇.၁** ရာခိုင်နှုန်းဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၅.၈** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၁.၃** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

## ပဲခူးတိုင်းဒေသကြီး

- ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၅.၁** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက် ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁.၉** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၈.ဝ** ရာခိုင်နှုန်း တိုးတက် ခဲ့ပါ သည်။

- နွေစပါးနှင့် နွေနှမ်းသီးနှံများသည် ရေသွင်း စိုက်ပျိုးရသဖြင့် စက်သုံးဆီ ၊ ဓါတ်မြေဩဇာ ၊ လုပ်အားခ စသည့် သွင်းအားစု စရိတ်များ များပြားပြီး အကျိုး

အမြတ် ရရှိမှု နည်းပါးခြင်းကြောင့် တောင်သူများ အနေဖြင့် စိုက်ပျိုးရန် လွယ်ကူပြီး ဈေးကွက် အလားအလာကောင်းသည့် တွက်ချေကိုက် သီးနှံများကို ရွေးချယ် စိုက်ပျိုးကြခြင်း ၊ ထိုနည်းတူ ဂုန်လျှော်နှင့် ချည်ပေါင်လျှော် တို့မှာလည်း စီးပွားရေး တွက်ချေကိုက်မှု မရှိသဖြင့် စိုက်ပျိုးမှု လျော့နည်းခဲ့ပါသည် ။

- စွမ်းအင်ကဏ္ဍတွင် ရေနံတွင်းဟောင်းများ အထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာခြင်း၊ တွင်းသစ်များမှလည်း စီးပွားဖြစ် ထုတ်လုပ်နိုင်မှု မရှိခြင်းတို့ကြောင့် လျော့နည်းခဲ့ပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ မြစ်သဲ၊ ကျောက်စရစ် ထုတ်လုပ်သော ပုဂ္ဂလိကလုပ်ငန်းရှင်များ လျော့နည်းသွားခြင်း၊ လိုင်စင်ခွင့်ပြုမှု နောက်ကျခြင်းများကြောင့် ထုတ်လုပ်မှုများ လျော့နည်းခဲ့ပါသည်။

- စက်မှုကဏ္ဍတွင် နိုင်ငံပိုင် မော်တော်ယာဥ် အမျိုးမျိုးထုတ်လုပ်မှု ကျဆင်းခြင်း၊ ပြည်စက်မှုဇုန်မှ ထုတ်လုပ်မှုများ ကျဆင်းခြင်းတို့ကြောင့် စက်မှုကဏ္ဍ ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။ လျှပ်စစ်ဓါတ်အားကဏ္ဍတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးမှု ပမာဏ ယခင်နှစ်ကထက် ပိုမိုရရှိခဲ့ပါသည်။ ဆောက်လုပ်မှုကဏ္ဍတွင် လမ်းတံတား၊ အဆောက်အဦး နှင့် စလူရေလှောင်တမံ အပါအဝင် ဆည်မြောင်း တာတမံ တည်ဆောက်မှုများ တိုးတက်ခဲ့ပါသည်။ ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည် နှင့် ကုန်စည်ပို့ဆောင်မှု ပိုမိုလာပြီး ဆက်သွယ်ရေးကဏ္ဍအနေဖြင့် နှစ်အတွင်း တယ်လီဖုန်းလုံးရေ ၅၅၀၀ ခန့် တိုးချဲ့ တပ်ဆင်နိုင်ခဲ့ပါသည်။ ထို့အပြင် ငွေရေးကြေးရေးကဏ္ဍတွင် ပုဂ္ဂလိကပိုင်ဘဏ်များဖြစ်သော ဧရာဝတီဘဏ်နှင့် မြဝတီဘဏ်များ တိုးချဲ့ဖွင့်လှစ်လာခြင်း နှင့် အတိုးရငွေများ ပိုမိုရရှိလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး** တွင် **၂.၀** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၂.၃** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၈.၃** ရာခိုင်နှုန်း **တိုးတက်** ခဲ့ ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၂၅.၆** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၁.၆**

ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၄.၀** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**မကွေးတိုင်းဒေသကြီး**

- မကွေးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူကာလဖြင့် နှိုင်းယှဉ်ပါက **၇.၄** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁၅.၁** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၅.၅** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

- ရာသီဥတုကောင်းမွန်မှုကြောင့် နွေစပါး ၊ ပဲလွမ်း ၊ ပဲတီစိမ်း၊ မိုးမြေပဲနှင့် မိုးနှမ်းတို့၏ အထွက် ယခင်နှစ်ကထက် ပိုမိုထွက်ရှိခဲ့ပါသည်။

- ဆောက်လုပ်ရေးကဏ္ဍတွင် ဆေးရုံ၊ ရုံး၊ ကျောင်း၊ ပုဂ္ဂလိကနေအိမ်များ ဆောက်လုပ်မှုများ ပိုမိုဆောက်လုပ်နိုင်ခဲ့ပါသည်။

- ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲခြင်းကြောင့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုများ တိုးတက်လာခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍတွင် တယ်လီဖုန်းအသစ်များ တိုးချဲ့တပ်ဆင်ခွင့် ပြုခဲ့ပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၄.၀** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၇.၉** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၁.၉** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၄၂.၁** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၈.၈** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၃၃.၃** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**မန္တလေးတိုင်းဒေသကြီး**

- မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက ၁.၂ ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် ၆.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ)တွင် ၂.၄ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။

- မိုးရွာသွန်းမှု လျော့နည်းခဲ့သည့်အတွက် မိုးသီးနှံများဖြစ်သည့် မိုးစပါး ၊ ပဲစဥ်းငုံ ၊ ပဲတီစိမ်း၊ မိုးနှမ်းနှင့် ချည်မျှင်ရှည်ဝါတို့၏ စိုက်ပျိုးထွက်ရှိမှု ယခင်နှစ်ကထက် လျော့နည်းခဲ့ပါသည်။

- သားငါးကဏ္ဍတွင် နိုင်ငံပိုင်အခန်းမှ ဌာနပိုင် စက်ရုံနှင့် မွေးမြူရေးခြံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရန် စီစဥ်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံမွေးမြူးမှု မရှိတော့ခြင်းကြောင့် ကြက်သား နှင့် ကြက်ဥထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။

- သစ်တောကဏ္ဍတွင် ရာသီဥတု အခြေအနေကြောင့် ယခင်နှစ် ခုတ်လှဲပြီး သယ်ယူ နိုင်ခြင်းမရှိသည့် သစ်များအား ယခုနှစ်တွင် သယ်ယူထုတ်လုပ်ခဲ့ပါသည်။

- စွမ်းအင်ကဏ္ဍတွင် ရေနံတွင်းများမှာ တွင်းဟောင်းများဖြစ်သည့်အတွက် ထွက်ရှိမှု လျော့နည်းလာပါသည်။

- တက္ကသိုလ်များ၊ ဆေးရုံ၊ ရေထိန်းဆည်များ၊ ကိုယ်ထူကိုယ်ထလမ်းများ၊ စာသင် ကျောင်းများ၊စာကြည့်တိုက်များ၊ဆေးခန်းများ၊ ဇရပ်တန်ဆောင်းများနှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ပြုပြင်ခြင်းကြောင့် ဆောက်လုပ်မှုကဏ္ဍ တိုးတက် လာပါသည်။

- ငွေရေးကြေးရေးကဏ္ဍ တွင် မြန်မာ့အာမခံလုပ်ငန်း မှ ဆိုင်ကယ် မှတ်ပုံတင်ခြင်း လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေများ ပိုမိုထုတ်ချေးခြင်း၊ ပုဂ္ဂလိကဘဏ်များ၊ လုပ်ငန်းများ တိုးချဲ့ဖွင့်လှစ် လာခြင်းတို့ကြောင့် ဝင်ငွေများ တိုးတက်ခဲ့ရခြင်း ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး** တွင် **၁၈.၉** ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၇.၈** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၆.၆** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၃၂.၆** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၄.၂** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၈.၄** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

## မွန်ပြည်နယ်

- မွန်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင် ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဥ်ပါက **၉.၉** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁၈.၃** ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဒုတိယသုံးလပတ် (ဇူလိုင်လ မှ စက်တင်ဘာလ) တွင် **၂၉.၉** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

- စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံပိုင်စက်မှုသုံးအရက်ပြန်စက်ရုံ၊ကွန်ကရစ် ဇလီဖားတုံး စက်ရုံ ၊ ရေကြောင်းပို့ဆောင်ရေးယာဥ် တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုများ တိုးတက်ခဲ့ခြင်း ၊ ဒေသဖွံ့ဖြိုး တိုးတက်မှု ပိုလာသည်နှင့်အမျှ မော်တော်ကားလိုင်းနှင့် တံတားများ တိုးတက် ကောင်းမွန်လာသောကြောင့် ခရီးသွားလုပ်ငန်း ပိုမိုကျယ်ပြန့်လာခြင်း ၊ တယ်လီဖုန်း တပ်ဆင်မှု ပိုမိုများပြားလာခြင်းနှင့် ခေါ်ဆိုမှုကြိမ်ရေ ပိုမိုလာခြင်းတို့ကြောင့် ပထမ ၆ လပတ်အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၃.၀** ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၆.၀** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၁၆.၅** ရာခိုင်နှုန်း **တိုးတက်** ခဲ့ ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ)အကောင်

အထည်ဖော်နိုင်မှုမှာ **၃၂.၀** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၉.၉** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၂.၁** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ရခိုင်ပြည်နယ်**

- ရခိုင်ပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၅.၀** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁.၆** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ)တွင် **၇.၃** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။
- နွေစပါး ၊ ဖူးစားပြောင်း ၊ကွမ်းသီး ၊စားကြံရင့်နှင့် ငှက်ပျော ထွက်ရှိမှုများ လျော့နည်းခဲ့သော်လည်း သတ္တုကဏ္ဍတွင် ဆောက်လုပ်မှုကဏ္ဍ အတွက် လိုအပ်သော လမ်းခင်းကျောက် ၊ ကျောက်စရစ် ၊ သဲ ၊ ကျောက်မာများ ပိုမို ထုတ်လုပ်ခဲ့ပါသည်။ ဆက်သွယ်ရေးကဏ္ဍ တွင် တယ်လီဖုန်းအသစ်တပ်ဆင်မှုများ ပိုမို ခွင့်ပြုခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၄.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး** တွင် **၇.၅** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၄.၆** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၃၃.၀** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၂.၅** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၀.၅** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**

- ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၂၃.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက် ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၁၇.၀**

ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၂၉.၆** ရာခိုင်နှုန်း တိုးတက် ခဲ့ပါသည်။

- ယခုနှစ် မိုးရာသီအတွင်း ရာသီဥတု ကောင်းမွန်သဖြင့် ပင်လယ် ငါးဖမ်းလုပ်ငန်းမှ ငါးရရှိမှု ပိုမိုလာခြင်း ၊ စက်မှုဇုန်များရှိ ပုဂ္ဂလိက လျှပ်စစ်သုံးစွဲမှု ပိုမိုလာခြင်း ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ သံမဏိတုံးထုတ်လုပ်မှု တိုးတက်ခဲ့ခြင်း ၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းငယ်များ ဖြစ်သော သောက်ရေသန့် ၊ အအေးခန်း ၊ ပဲသန့်စင် ၊ ဂျုံကြိတ်ခွဲ လုပ်ငန်းများ၊ အထည်ချုပ် လုပ်ငန်းများ ထုတ်လုပ်မှု ပိုမိုလာခြင်းနှင့် စက်မှုဇုန်များ အတွင်း ယခင်နှစ်ထက် လျှပ်စစ် ဓါတ်အား ပုံမှန် ရရှိခြင်း ၊ ကုန်ချော ဈေးကွက်ကောင်းမွန်ခြင်းနှင့် ကုန်ကြမ်းရရှိမှု ကောင်းမွန်ခြင်း တို့ကြောင့် ထုတ်လုပ်မှုများ တိုးတက်ခဲ့ပါသည်။

- ဘေလီတံတား၊ စက်မှုဇုန်ဂိုဒေါင်များ၊ နေအိမ် အဆောက်အဦများ၊ ကမ်းပတ်တာများ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆောက်လုပ်မှုကဏ္ဍ တိုးတက်ခဲ့ပါသည်။

- ပို့ဆောင်ရေးကဏ္ဍတွင် နိုင်ငံပိုင် လေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်း ခရီးသွားလာမှု များပြားလာခြင်းနှင့် ပုဂ္ဂလိကပိုင် အငှားယာဉ်နှင့် ခရီးသည်ယာဉ်များ တိုးလာခြင်းကြောင့် ပို့ဆောင်ရေးကဏ္ဍ ဝန်ဆောင်မှု ပိုမိုတိုးတက်ခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် Pay-Past Kispa Nadi Express Co.Ltd, United Courier Services, Magnate Group Logistics Co. Ltd တို့ ပူးပေါင်းဆောင်ရွက်ခြင်းမှ ဝင်ငွေများ တိုးတက်ရရှိခြင်းနှင့် တယ်လီဖုန်း ဝန်ဆောင်မှုမှ ဝင်ငွေများ သိသိသာသာ တိုးတက်ရရှိလာပါသည်။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၇.၈** ရာခိုင်နှုန်း ၊ **စက်မှုကဏ္ဍကြီး** တွင် **၂၁.၆** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၂၇.၀** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုမှာ **၃၅.၅** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၆.၃**

ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၉.၁** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ရှမ်းပြည်နယ်**

- ရှမ်းပြည်နယ်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၃.၀** ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။ ထိုသို့ လျော့နည်းခဲ့ရာတွင် ပထမသုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၈.၀** ရာခိုင်နှုန်း၊ ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၀.၇** ရာခိုင်နှုန်း လျော့နည်း ခဲ့ပါသည်။

- ယခုနှစ် မိုးဦးနောက်ကျ၍ စိုက်ပျိုးရေ လုံလောက်စွာ မရရှိခြင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် တောင်ယာစိုက်ပျိုးမှု ကန့်သတ်ထိန်းချုပ် လာခြင်း၊ အလုပ်သမားများ ရှားပါးခြင်းတို့ကြောင့် စိုက်ဧကများ လျော့နည်းပြီး မိုးသီးနှံများ အတွက် လျော့နည်းခဲ့ပါသည်။ မိုးရွာသွန်းမှု များလွန်းသဖြင့် သတ္တုနှင့် တွင်းထွက်ကဏ္ဍတွင် ဆောက်လုပ်ရေး လုပ်ငန်းများ ရပ်နားထားရခြင်းကြောင့် ကျောက်(၄)မျိုးထုတ်လုပ်ခြင်း လျော့နည်းပါသည် ။

- စက်မှုလက်မှုကဏ္ဍတွင် ထုတ်လုပ်မှုစရိတ်များ ကြီးမြင့်လာခြင်းကြောင့် တွက်ခြေ မကိုက်ခြင်း၊ လုပ်ငန်းလည်ပတ်မှု လျော့နည်းလာခြင်း၊ အချို့လုပ်ငန်းများ လုပ်ငန်း ရပ်ဆိုင်းရခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။ အဆောက်အဦ လုပ်ငန်း ၊ လမ်းတံတား လုပ်ငန်းများ ရပ်နားထားရသဖြင့် အုတ်ဘလောက်၊ ပြုန်းအုတ် ၊ အုတ်နီခဲ လုပ်ငန်းများ လျော့နည်းပါသည်။

- ဝေးလံသောဒေသများ၏ လျှပ်စစ်ဓာတ်အားအသုံးပြုမှု စာရင်းများရရှိမှု အားနည်း ခြင်းကြောင့် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။

- ဆောက်လုပ်ရေးကဏ္ဍ တွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ အဆောက်အဦ များ ဆောက်လုပ်မှု လျော့နည်းသွားခြင်း ၊ နိုင်ငံပိုင်အခန်းကဏ္ဍ အဆောက်အဦများ ဆောက်လုပ်မှုတွင်လည်း ကျပ်(၉,၅၄၂)သန်းခန့် လျော့နည်းရခြင်းကြောင့် ဖြစ်ပါ သည် ။

- ဆက်သွယ်ရေးကဏ္ဍတွင် မိုဘိုင်း တယ်လီဖုန်းများ ပိုမို အသုံးပြုလာခြင်းကြောင့် ယခင်နှစ် အလားတူ ကာလပေါ် တိုးတက်လာခြင်းဖြစ်ပါသည် ။

- ငွေရေးကြေးရေးကဏ္ဍတွင် ကမ္ဘောဇဘဏ်ခွဲ ၊ ပုဂ္ဂလိက ဘဏ်ခွဲ ၊ သမဝါယမဘဏ်၊ အာရှစိမ်းလန်း ဖွံ့ဖြိုးရေးဘဏ် ၊ မြန်မာရှေ့ဆောင်ဘဏ် ၊ ယူနိုက်တက် အမရာ ဘဏ် နှင့် ဧရာဝတီဘဏ်များ အသစ်ဖွင့်လှစ် လာသောကြောင့် ပုဂ္ဂလိက ဘဏ်ငွေကြေး ဆောင်ရွက်မှု လုပ်ငန်းများ ဝင်ငွေ တိုးတက်လာပါသည် ။

- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး**တွင် **၅.၄** ရာခိုင်နှုန်းနှင့် **စက်မှုကဏ္ဍကြီး** တွင် **၁၁.၅** ရာခိုင်နှုန်း **လျော့နည်း** ခဲ့ပြီး **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၄.၁** ရာခိုင်နှုန်း **တိုးတက်** ခဲ့ပါသည်။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင် ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင် အထည်ဖော်နိုင်မှုမှာ **၃၁.၀** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ်တွင် **၉.၃** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၁.၇** ရာခိုင်နှုန်း အသီးသီး အကောင် အထည်ဖော်နိုင်ခဲ့ ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

- ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၂.၆** ရာခိုင်နှုန်း လျော့နည်းခဲ့ပါ သည်။ ထိုသို့ လျော့နည်းခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၀.၂** ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဒုတိယ သုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၅.၆** ရာခိုင်နှုန်း လျော့နည်းခဲ့ပါ သည်။

- မိုးစပါး စိုက်ပျိုးမှု ရာသီအစတွင် မိုးရွာသွန်းမှု နောက်ကျခြင်း ၊ မိုးရွာသွန်းချိန်တွင် မိုးကြီးပြီး ရေကြီးနစ်မြုပ်ခဲ့ခြင်းကြောင့် စိုက်ဧကများ လျော့နည်းခြင်း၊ ဖူးစားပြောင်း (မိုး) စိုက်ပျိုးမှုမှာ ဈေးကွက် မရှိ၍ တောင်သူများ စိုက်ပျိုးမှု နည်းခဲ့ ခြင်း ၊ ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများ များပြီး ရေကြီး နစ်မြုပ်မှုများကြောင့် စိုက်ဧက လျော့နည်းခြင်း ၊ လျှော်ပင် စိုက်ပျိုးမှုမှာလည်း ဈေးနှုန်း တွက်ချေ မကိုက်ခြင်း ၊

ဈေးကွက်မရှိခြင်းများကြောင့် တောင်သူများ စိုက်ပျိုးရန် စိတ်ဝင်စားမှုနည်းပါးခြင်း ကြောင့် ယခင်နှစ်စိုက်ဧကထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

- သားငါးကဏ္ဍတွင် မြို့နယ်(၅)မြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ်မှ စ၍ ကွဲနွားသားသတ်လိုင်စင်အား ဇီဝိတ ဒါန အဖွဲ့မှ ဝယ်ယူ၍ ဘေးမဲ့ လှူဒါန်းထားပါသဖြင့် ထုတ်လုပ်မှု လျော့နည်း ခဲ့ပါသည် ။ မွေးမြူရေးငါး ၊ အင်းငါး ၊ ရေငံပုစွန် နှင့် ကျန်အသားထုတ်လုပ်မှုများ လျော့နည်းရခြင်းမှာ ရေကြီးနစ်မြုပ်မှုများ ရှိသဖြင့် ငါးပုစွန် ဖမ်းဆီးမှု လျော့နည်းခြင်း ၊ အသားတင်တိုးကောင်ရေ သေဆုံးမှုများ ရှိခြင်းတို့ကြောင့် ဖြစ်ပါသည် ။

- သစ်တောကဏ္ဍတွင် စီးပွားဖြစ် ထုတ်လုပ်သူများသည် စီးပွားရေးအရ တွက်ချေကိုက်မှု အပေါ် ခန့်မှန်း၍ ထုတ်လုပ်ခြင်းကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည် ။

- စွမ်းအင်ကဏ္ဍတွင်ရွှေပြည်သာရေနံမြေမှ ယခင်နှစ် ဒုတိယ သုံးလပတ် ကာလတွင် ရေနံစိမ်း အမေရိကန်စည်ထောင်ပေါင်း (၁၄) ထုတ်လုပ်ခဲ့ပြီး ယခုနှစ်တွင်(၁၁)သာ ထုတ်လုပ်နိုင်ခဲ့ခြင်း ၊ ရွှေပြည်သာနှင့် အဖျောက် သဘာဝ ဓါတ်ငွေ့တွင်းတို့မှ ထုတ်လုပ်မှု လျော့နည်းခဲ့ခြင်း ၊ မအူပင်ခရိုင်ရှိ သဘာဝ ဓါတ်ငွေ့တွင်းမှ ထုတ်လုပ်မှု လျော့နည်းခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။ ထိုသို့ ထုတ်လုပ်မှု လျော့နည်းရခြင်းမှာ ရေနံတွင်းဟောင်းများမှာ သက်တမ်း ကြာမြင့်ပြီး ဖြစ်၍ ထွက်နှုန်း ကျဆင်းသွားခြင်း၊ တွင်းအသစ်များ တူးဖော်နိုင်မှု မရှိခြင်းကြောင့် ယခင်နှစ်ထက် ယခုနှစ် ထုတ်လုပ်မှု လျော့နည်းသွားပါသည် ။

- သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် စက်ရုံ၏ ကုန်ကြမ်း လိုအပ်ချက်ကြောင့် အဓိက ထုတ်လုပ်မှု လျော့နည်း ရပါသည်။ မိုးကြီး၍ ရေကြီး နစ်မြုပ်မှုများ၊ ဆောက်လုပ်ရေး လုပ်ငန်း၏ လမ်းပိုင်းပြုပြင်မှုများ တွင် ပိုမို သုံးစွဲမှုများ ၊ မြစ်သဲ ၊ လမ်းခင်းကျောက်နှင့် ဂဝံကျောက်များ ယခင်နှစ်ထက် ထုတ်လုပ်မှုလျော့နည်းခြင်း ၊ မိုးတွင်းကာလ မြစ်ရေ တိုက်စားမှု ရှိသဖြင့် ဒေသခံများ၏ ကန့်ကွက်မှု ရှိခြင်း ၊ ဗိုလ်မြတ်ထွန်းတံတား ၊ ဧရာဝတီတံတားကြီးများ ကြံ့ခိုင်မှုနှင့် ရေလမ်း ထိန်းသိမ်းရေးအတွက် လုပ်ကွက်များ လျော့ချခံရခြင်း ၊ ကြိုးဝိုင်းသစ်တောမြေ ဖြစ်၍ သစ်တောဦးစီးဌာန၏ သဘောထားရရှိမှသာ ဆောင်ရွက်ရမည့် ကျောက်ကွက်

လုပ်ကွက် (၁၀)ကွက် ထုတ်လုပ်မှု မရှိတော့ခြင်းနှင့် သက်တမ်းအလိုက် ထုတ်လုပ်ရသော ဂဝံကျောက်များ သက်တမ်း နုနေသေးခြင်းတို့ကြောင့် ထုတ်လုပ်မှု လျော့နည်းရခြင်း ဖြစ်ပါသည်။

- စက်မှုလက်မှုကဏ္ဍတွင် မြောင်းမြ စက်မှုဇုန်မှ ယခင်နှစ် အလားတူ သုံးလပတ်အတွင်း ကားထုတ်လုပ်မှု မရှိခဲ့သော်လည်း ယခုနှစ်သုံးလပတ်ကုန်တွင် လိုက်ထရပ် (၁)တန် (၈၈)စီး နှင့် လိုက်ထရပ်(၂.၅)တန် (၁၀)စီး ထုတ်လုပ်နိုင်ခြင်းကြောင့် ပိုမိုတိုးတက်ခဲ့ပါသည် ။
- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီးတွင် ၂.၁** ရာခိုင်နှုန်း **တိုးတက်**ခဲ့သော်လည်း **စက်မှုကဏ္ဍကြီး** တွင် **၅.၇** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှု ကဏ္ဍကြီး** တွင် **၅.၈** ရာခိုင်နှုန်း **လျော့နည်း** ခဲ့ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုမှာ **၂၉.၀** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် မှာ **၁၅.၅** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၁၃.၅** ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။

**နေပြည်တော်ကောင်စီနယ်မြေ**

- နေပြည်တော်ကောင်စီနယ်မြေ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အသားတင် ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုး အနေဖြင့် ယခင်နှစ် အလားတူ ကာလဖြင့်နှိုင်းယှဉ်ပါက **၄၂.၅** ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ထိုသို့ တိုးတက်ခဲ့ရာတွင် ပထမ သုံးလပတ် (ဧပြီလမှ ဇွန်လ) တွင် **၇၄.၀** ရာခိုင်နှုန်း၊ ဒုတိယသုံးလပတ် (ဇူလိုင်လမှ စက်တင်ဘာလ) တွင် **၂၄.၃** ရာခိုင်နှုန်း တိုးတက် ခဲ့ပါ သည်။
- မိုးစပါး ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ် ပိုမိုကောင်းမွန်လာခြင်း၊ စိုက်ပျိုးရေအပြည့်အဝ ရရှိခြင်းတို့ကြောင့် နွေစပါး ပိုမိုထွက်ရှိခဲ့ပါသည်။ ဈေးကောင်းရရှိခြင်းကြောင့် တောင်သူစိတ်ဝင်စားသဖြင့် နှမ်းစိုက်ဧကများလည်း တိုးတက်လာပါသည်။

- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ချရေး အစီအစဉ်အရ တိရစ္ဆာန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ မျိုးကြက်များ ချပေးခြင်း၊ နို့စားနွားတိုးချဲ့မွေးမြူခြင်းတို့ကြောင့် သားငါးကဏ္ဍ တိုးတက်လာပါသည်။
- ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးတည်ပြီး သစ်ထုတ်လုပ်မှုများ လျော့ချခြင်းကြောင့် သစ်တောကဏ္ဍတွင် လျော့နည်းခဲ့ပါသည်။
- သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် အကျဉ်းဦးစီးဌာနမှ ကျောက်မာထုတ်လုပ်မှုလျော့နည်းခြင်း၊ ကုန်ကြမ်းမရရှိခြင်း၊ လုပ်ငန်းလိုင်စင်ယူ လုပ်ကိုင်မှု နည်းပါးခြင်းကြောင့် ထုတ်လုပ်မှု လျော့နည်းခဲ့ပါသည်။
- ဆောက်လုပ်မှုကဏ္ဍတွင် ရေအားလျှပ်စစ် (နန်ချို နှင့် ပေါင်းလောင်း) လုပ်ငန်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်၊ ဆည်မြောင်း တာတမံဆောက်လုပ်မှု လုပ်ငန်းများ တိုးတက်ခဲ့ပါသည်။
- နေပြည်တော်အတွင်း တည်ဆောက်ရေးလုပ်ငန်းကြီးများ ဆက်လက်တည်ဆောက်လျက်ရှိပြီး ဗဟိုဘဏ်အပါအဝင် နိုင်ငံပိုင်ဘဏ်များသာမက ပုဂ္ဂလိကဘဏ်များ၏ ဝန်ဆောင်မှုရငွေများ တိုးတက်ရရှိပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာန၊ ရုံးချုပ်များ၏ သာမန် အသုံးစရိတ်များ ပိုမိုခွင့်ပြုခဲ့ခြင်းတို့ကြောင့် ဝန်ဆောင်မှုကဏ္ဍတွင် တိုးတက်ခဲ့ပါသည်။
- သို့ဖြစ်ပါ၍ ပထမ ၆ လ အတွင်း **လယ်ယာကဏ္ဍကြီး** တွင် ၂.၄ ရာခိုင်နှုန်း၊ **စက်မှုကဏ္ဍကြီး** တွင် **၃၈.၅** ရာခိုင်နှုန်း နှင့် **ဝန်ဆောင်မှုကဏ္ဍကြီး** တွင် **၆၇.၆** ရာခိုင်နှုန်း **တိုးတက်** ခဲ့ ပါသည်။
- ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်ကုန်တွင် ဖြစ်ပေါ်ရန် ရည်မှန်းထားသည့် အသားတင်ထုတ်လုပ်မှု တန်ဖိုးအပေါ် ပထမ ၆ လ (ဧပြီလ မှ စက်တင်ဘာလ) အကောင်အထည်ဖော်နိုင်မှုမှာ **၄၂.၄** ရာခိုင်နှုန်း ဖြစ်ပြီး ပထမ ၃ လပတ် တွင် **၁၈.၉** ရာခိုင်နှုန်းနှင့် ဒုတိယ ၃ လပတ် တွင် **၂၃.၄** ရာခိုင်နှုန်း အသီးသီး အကောင်အထည်ဖော်နိုင်ခဲ့ ပါသည်။

၁၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ပထမ ၆ လ (ဧပြီလမှ စက်တင်ဘာလ)တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး အခြေအနေကို **<u>နောက်ဆက်တွဲ (၃)</u>** ဖြင့် ပြုစု တင်ပြအပ်ပါသည်။

## (ဂ)ပြည်ပကုန်သွယ်မှု

၁၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ တွင် ကုန်သွယ်မှုမှ ပိုငွေ US$ **၄၄၃.၂** သန်း ပိုငွေဖြစ်ပေါ်ခဲ့ပါ သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ တွင် စုစုပေါင်း ပို့ကုန်၊ သွင်းကုန် တင်ပို့နိုင်မှု အခြေအနေ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(အမေရိကန်ဒေါ်လာသန်း)

| | |
|---|---|
| ပို့ကုန် | ၄,၄၃၇.၀ |
| သွင်းကုန် | ၃,၉၉၃.၈ |
| **Balance of Trade** | **၄၄၃.၂** |

၁၂။ ပုံမှန်ကုန်သွယ်မှုအရ အဓိက ပို့ကုန် သွင်းကုန်ပစ္စည်းများ တင်ပို့၊ တင်သွင်းနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**<u>အဓိကပို့ကုန်ပစ္စည်းများ</u>**

| ကုန်ပစ္စည်း | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ |
|---|---|---|---|
| ဆန် | မ/တန်(၀၀၀) | ၁၅၀.၇၁ | ၉၅.၆၈ |
| ဆန်ကွဲ | ။ | ၅.၅၃ | ၁၄.၂၈ |
| ပြောင်း | ။ | ၃၆.၇၁ | ၂.၇၈ |
| ပဲအမျိုးမျိုး | ။ | ၅၉၄.၅၄ | ၄၃၀.၇၄ |
| နှမ်း | ။ | ၁၉.၈၅ | ၂၂.၂၉ |
| ရာဘာစိမ်း | ။ | ၅၃.၆၄ | ၃၇.၉၁ |
| အခြားလယ်ယာကိုင်းကျွန်း ထွက်ပစ္စည်း | ။ | ၁၁.၃၃ | ၁၅.၈၇ |
| သတ္တုတွင်းထွက်ပစ္စည်းနှင့် ကျောက်မျက်ရတနာများ | USD | ၆၂.၈၂ | ၄၇.၂၄ |
| ရေနံနှင့်ရေနံထွက်ပစ္စည်း | USD | ၂၀၅၄.၈ | ၁၈၂၇.၇၁ |
| သစ်တောထွက်ပစ္စည်း | USD | ၃၂၃.၅၀ | ၃၀၇.၃၅ |
| ကျွန်းသစ်လုံး | ကုဗတန်(၀၀၀) | ၁၃၀.၇၅ | ၁၈၄.၀၀ |
| အသေးစားသစ်တောထွက် ပစ္စည်းများ | USD | ၁.၈၉ | ၁.၇၇ |

| ကုန်ပစ္စည်း | ရေတွက်ပုံ | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ |
|---|---|---|---|
| တိရိစ္ဆာန်ထွက်ပစ္စည်း | USD | ၄.၆၀ | ၁၂.၉၉ |
| ရေထွက်ပစ္စည်း | USD | ၁၄၉.၇၅ | ၁၉၅.၂၈ |
| အခြားပစ္စည်း | USD | ၅၅၉.၀၈ | ၄၀၀.၁၁ |
| နယ်စပ်ကုန်သွယ်ရေး | USD | ၈၁၁.၁၂ | ၁၀၂၅.၀၀ |

**အဓိကသွင်းကုန်ပစ္စည်းများ**

(USD ထောင်ပေါင်း)

| ကုန်ပစ္စည်း | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလ ကုန်အထိ |
|---|---|---|
| စားသုံးကုန်ပစ္စည်း | ၇၄၉.၈၆ | ၆၅၁.၉၅ |
| လုပ်ငန်းတွင်းသုံးကုန်ကြမ်းနှင့်အရန် ပစ္စည်း | ၁,၆၄၈.၉၈ | ၁,၅၄၇.၃၄ |
| ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁,၅၂၅.၀၀ | ၁,၃၀၄.၅၃ |
| သီးခြားဖော်ပြမထားသည့် ကုန်ပစ္စည်း * | ၆၅၂.၁၃ | ၄၈၉.၉၃ |

* နယ်စပ်ကုန်သွယ်ရေးမှ တင်သွင်းမှုများပါဝင်ပါသည်။

## (ဃ)ငွေကြေးဖောင်းပွမှုနှုန်း

၁၃။ ငွေကြေးဖောင်းပွမှုနှုန်းအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ လစဉ်ဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ၂၀၁၂ ခုနှစ် ဧပြီလ | + ၁.၉၅ % |
| ၂၀၁၂ ခုနှစ် မေလ | + ၁.၁၈ % |
| ၂၀၁၂ ခုနှစ် ဇွန်လ | + ၀.၆၇ % |
| ၂၀၁၂ ခုနှစ် ဇူလိုင်လ | + ၀.၃၇ % |
| ၂၀၁၂ ခုနှစ် ဩဂုတ်လ | + ၀.၂၈ % |
| ၂၀၁၂ ခုနှစ် စက်တင်ဘာလ | + ၀.၃၇ % |

## (င)ရင်းနှီးမြှုပ်နှံမှုအခြေအနေ

၁၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၂၀၁၂ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ **၃၉၈.၄၉၁** သန်း ရင်းနှီးမြှုပ်နှံမှု ပြုခဲ့ပါသည်။ ၂၀၁၂ခုနှစ်အတွင်းပထမသုံးလပတ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း **၃၃၀.၃၅၂**၊

ဒုတိယသုံးလပတ်အတွင်းအမေရိကန်ဒေါ်လာသန်းပေါင်း **၆၈.၁၃၉** ဖြစ်ပါသည်။ လုပ်ငန်းအလိုက် ရင်းနှီးမြှုပ်နှံမှုများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အမေရိကန်ဒေါ်လာသန်းပေါင်း

| | ပထမသုံးလပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု | ဒုတိယသုံးလပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|
| စိုက်ပျိုးရေးလုပ်ငန်း | | ၉.၆၅၀ | ၉.၆၅၀ |
| စက်မှုလုပ်ငန်း | ၁၇.၆၇၄ | ၅၇.၄၈၃ | ၇၅.၁၅၇ |
| လျှပ်စစ်ဓါတ်အားလုပ်ငန်း | ၁၉၃.၇၇၈ | | ၁၉၃.၇၇၈ |
| ရေနံနှင့်သဘာဝဓါတ်ငွေ့ | ၁၁၈.၉၀၀ | | ၁၁၈.၉၀၀ |
| အခြားဝန်ဆောင်မှု | | ၁.၀၀၆ | ၁.၀၀၆ |
| **စုစုပေါင်း** | **၃၃၀.၃၅၂** | **၆၈.၁၃၉** | **၃၉၈.၄၉၁** |

၁၅။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ၁၉၈၈-၈၉ ခုနှစ်မှ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ နိုင်ငံပေါင်း **၃၂** နိုင်ငံမှ စုစုပေါင်းလုပ်ငန်းဦးရေ **၄၉၃** ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ **၄၁,၀၉၇.၅** သန်း ခွင့်ပြုထားပြီးဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံမှ အများဆုံး ဖြစ်ပြီး အမေရိကန်ဒေါ်လာ **၁၄,၁၄၅.၆** သန်း (**၃၄.၄၂**%) ဖြစ်ပါသည်။ ဒုတိယအများဆုံး နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ **၉,၅၆၈.၁** သန်း (**၂၃.၂၀**%) နှင့် တတိယအများဆုံး နိုင်ငံမှာ ဟောင်ကောင်နိုင်ငံ ဖြစ်ပြီး အမေရိကန်ဒေါ်လာ **၆,၃၇၁.၅** သန်း (**၁၅.၅**%) ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်သည့် စုစုပေါင်း လုပ်ငန်းဦးရေ **၈၆၀** မှ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ် **၁,၉၀၄,၇၈၈.၆ သန်း** အထိ ရင်းနှီးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်အတွင်း ပထမသုံးလပတ်အတွင်း ကျပ်သန်းပေါင်း **၁၁,၅၄၉.၁၅၊** ဒုတိယသုံးလပတ်အတွင်း ကျပ်သန်းပေါင်း **၂၃၃,၆၇၅.၀၃** ဖြစ်ပါသည်။ လုပ်ငန်း အလိုက် ရင်းနှီးမြှုပ်နှံမှုများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်။

ကျပ်သန်းပေါင်း

| | ပထမသုံးလပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု | ဒုတိယသုံးလပတ်အတွင်း ရင်းနှီးမြှုပ်နှံမှု | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု |
|---|---|---|---|
| မွေးမြူရေးနှင့်ရေလုပ်ငန်း | | ၁,၂၀၀.၀၀ | ၁,၂၀၀.၀၀ |
| သတ္တုတူးဖော်ရေးလုပ်ငန်း | ၅၀၀.၀၀ | | ၅၀၀.၀၀ |
| စက်မှုလုပ်ငန်း | ၁၀,၈၃၂.၁၅ | ၇၃,၉၈၂.၃၇ | ၈၄,၈၁၄.၅၂ |
| လျှပ်စစ်ဓါတ်အားလုပ်ငန်း | | ၄,၃၆၉.၂၆ | ၄,၃၆၉.၂၆ |
| ဆောက်လုပ်ရေးလုပ်ငန်း | | ၁၃,၇၂၃.၄၀ | ၁၃,၇၂၃.၄၀ |
| သယ်ယူပို့ဆောင်ရေးလုပ်ငန်း | ၂၁၇.၀၀ | ၁၄၀,၄၀၀.၀၀ | ၁၄၀,၆၁၇.၀၀ |
| **စုစုပေါင်း** | **၁၁,၅၄၉.၁၅** | **၂၃၃,၆၇၅.၀၃** | **၂၄၅,၂၂၄.၁၈** |

## (စ) အခြေခံ အဆောက် အအုံ ဖွံ့ဖြိုးတိုးတက်မှု

၁၆။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလိုအပ်ချက် ဖြစ်သည့်အားလျော်စွာ နိုင်ငံတစ်ဝှမ်းတွင် လိုအပ်လျက်ရှိသော အခြေခံ အဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးချဲ့ ဆောင်ရွက်လျက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သော ဆည်မြောင်း၊ တာတမံ တည်ဆောက် ခြင်း လုပ်ငန်းများ၊ လမ်း တံတား၊ မီးရထားလမ်းများ ဖောက် လုပ်ခြင်း လုပ်ငန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေး လုပ်ငန်းများ၊ လေယာဉ်ကွင်း တိုးချဲ့ တည်ဆောက် ရေး လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါ သည်။

### ဆည်မြောင်းတာတမံများ

၁၇။ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှုကို အတတ်နိုင်ဆုံး အလေးထားဆောင်ရွက်လျှက်ရှိရာ ၂၀၁၁ ခုနှစ်မတ်လကုန် တွင် ဆည် မြောင်း တာတမံ **၇၀၈** ခု ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန် အထိတွင် **၇၁၄** ခု ရှိခဲ့သဖြင့်

ဆည်မြောင်းတာတမံ **၆** ခု တိုးချဲ့ တည်ဆောက်ခဲ့ပါသည်။ အကြီးစားရေအား လျှပ်စစ် ဓာတ်အား ပေး လုပ်ငန်းများကို ဆည်မြောင်းတာတမံကြီးများနှင့် တွဲဘက်၍ ဆောင်ရွက်လျက် ရှိပါ သည်။

**လျှပ်စစ်**

၁၈။ လျှပ်စစ်ဓာတ်အားတွင် သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံများတွင် စွန့်ပစ်အပူသုံး ရေနွေးငွေ့ဓါတ်အားပေးစက်များ တိုးချဲ့တပ်ဆင်အသုံးပြုလာခြင်း၊ ဒီဇယ်လျှပ်စစ်ဓာတ်အားပေး စက်ရုံများတွင် တပ်ဆင်အင်အား တိုးချဲ့ခြင်းကြောင့် ဓာတ်အားထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ တိုးတက်ခဲ့ပါသည်။

၁၉။ ၂၀၁၂ ခုနှစ် ပထမ ၆ လပတ် (ဧပြီလ မှ စက်တင်ဘာလ) အကြီးစားရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ **၁၉** ရုံ၊ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ **၃၂** ရုံ၊ စုစုပေါင်း **၅၁** ရုံ တည်ဆောက်ခဲ့ပြီး ဓာတ်အားပေးစက်ရုံ **၂၃** ရုံကို ဆက်လက်တည်ဆောက်လျက် ရှိပါသည်။ ၂၀၁၁ ခုနှစ် မတ်လကုန်မှ ၂၀၁၂ ခုနှစ် ပထမ ၆ လပတ် (ဧပြီလ မှ စက်တင်ဘာလ) ရွှေကျင်၊ ကြီးအုံကြီးဝ နှင့် ကွန်းချောင်း ရေအားလျှပ်စစ်စက်ရုံများကို အသစ်ဖွင့်လှစ်ခဲ့ပြီး ယင်းစက်ရုံ **၃** ရုံမှ တပ်ဆင်အင်အား **၁၅၉** မဂ္ဂါဝပ်အပါအဝင် တည်ဆောက်ပြီးစီးသော ရေအားသုံးလျှပ်စစ် ဓာတ်အားပေးစက်ရုံ များမှ လျှပ်စစ်ဓာတ်အား **၂,၆၉၃** မဂ္ဂါဝပ် တပ်ဆင်ထားပါသည်။ တည်ဆောက်ဆဲ စက်ရုံ **၂၃** ရုံ ပြီးစီးသည့်အခါတွင် **၁၃,၅၁၈.၉** မဂ္ဂါဝပ် တိုးချဲ့တပ်ဆင်နိုင်မည် ဖြစ်ပါသည်။ တစ်ချိန်တည်းမှာ တည်ဆောက်ပြီးစီးခဲ့သည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံ **၉** ရုံမှ **၅၅၀** မဂ္ဂါဝပ် တပ်ဆင်လျက်ရှိပါသည်။ တပ်ဆင်ထားသည့် လျှပ်စစ်ဓာတ်အားမှာ ၂၀၁၂ ခုနှစ် ပထမ ၆ လပတ် (ဧပြီလ မှ စက်တင်ဘာလ) အထိတွင် **၃,၆၀၆** မဂ္ဂါဝပ် ရှိပါသည်။

၂၀။ လျှပ်စစ်ဓာတ်အားလိုင်း ပို့လွှတ်ဖြန့်ဖြူးမှုတွင် ၂၀၁၁ ခုနှစ် မတ်လကုန်၏ သွယ်တန်းပြီး မိုင် **၃၆,၃၈၈** ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ် ပထမ ၆ လပတ် (ဧပြီလ မှ စက်တင်ဘာလ) တွင် **၃၈,၃၇၁** အထိ တိုးချဲ့သွယ်တန်းနိုင်ခဲ့ပါသည်။ လျှပ်စစ်မီးလင်းသည့် မြို့ရွာပေါင်းမှာ ၂၀၁၂ ခုနှစ် ပထမ ၆ လပတ် (ဧပြီလ မှ စက်တင်ဘာလ) တွင် **၄၈၅** မြို့နှင့် **၃,၄၂၀** ရွာအထိ ရှိခဲ့ပါသည်။

**လမ်းတံတား**

၂၁။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတစ်ဝှမ်းလုံး၌ လမ်း တံတားများ တိုးချဲ့ဖောက်လုပ်ခြင်းသည် အရေးပါသည့်အလျောက် တံတားကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ယူ ဆောက်လုပ်ပေးလျက်ရှိပါသည်။ ၂၀၁၁ခုနှစ်၊ မတ်လကုန်အထိ ပေ ၁၈၀ နှင့်အထက် တံတား ပေါင်း **၇၁၈** စင်း ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်တွင် **၇၇၀** စင်း အထိ တိုးချဲ့ တည်ဆောက်ခဲ့ပါသည်။

၂၂။ ဒေသများအကြား ညီညွတ်မျှတသည့် ဖွံ့ဖြိုးမှုရရှိစေရေး အတွက် တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် လမ်းများ၊ မီးရထားလမ်းများ ဖောက်လုပ်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း များကို အလေးပေး ဆောင်ရွက်ခဲ့ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေး**

၂၃။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ ဆောင်ရွက်နိုင်ရန် ဒေသအသီးသီးတွင် လေဆိပ်ကြီးများ တည်ဆောက်ခြင်း၊ လက်ရှိ လေယာဉ်ကွင်းများကို ပြုပြင်ခြင်း၊ အဆင့်မြှင့် တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်တွင် လေယာဉ်ကွင်း စုစုပေါင်း **၆၉** ခု အထိရှိလာပါသည်။

၂၄။ ခေတ်မီဆက်သွယ်ရေးစနစ်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိ ရေးအတွက် ဒစ်ဂျစ်တယ်မိုက်ခရိုဝေ့ဗ် ဆက်ကြောင်းသစ်များကို တိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၁ မတ်လကုန်တွင် မိုက်ခရိုဝေ့ဗ် စခန်း **၃၃၀** ခု မှ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်တွင် **၃၄၂** ခု အထိ တိုးလာခဲ့ပါသည်။

၂၅။ ထို့အပြင် ခေတ်မီဆက်သွယ်ရေးစနစ်ဖြစ်သော ဆယ်လူလာ တယ်လီဖုန်း၊ CDMA နှင့် GSM တယ်လီဖုန်းစနစ်များအပြင် ကမ္ဘာအရပ်ရပ် သို့ ဆက်သွယ် ချိတ်ဆက်ပေးနိုင်သည့် အင်တာနက်၊ အင်တာနက် အီးမေးလ်လိုင်းများကိုလည်း တပ်ဆင် သုံးစွဲခဲ့ပါသည်။ ၂၀၁၁ မတ်လကုန်တွင် တယ်လီဖုန်းလုံးရေ **၁,၆၄၃,၃၉၇** လုံးရှိခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်တွင် **၃,၃၇၅,၀၆၃** လုံး ရှိခဲ့သဖြင့် **၁,၇၃၁,၆၆၆** လုံး တိုးလာခဲ့ပါသည်။ ဂြိုဟ်တုဖြင့် ပြည်ပတယ်လီဖုန်း ဆက်သွယ်ရေး ချယ်နယ်အနေဖြင့် ၂၀၁၁ မတ်လကုန်တွင် **၄,၂၆၃** ချယ်နယ်ရှိခဲ့ပြီး ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ ချယ်နယ်ပေါင်း **၈,၂၃၀** ချယ်နယ် ရှိလာခဲ့သဖြင့် **၃,၉၆၇** ချယ်နယ် တိုးခဲ့ပါသည်။

## (ဆ) လူမှုရေးဖွံ့ဖြိုးမှု

၂၆။ နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် တွန်းအားပေး ဆောင်ရွက်နေသကဲ့သို့ လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးတက်လာ ရေးကိုလည်းအလေးပေး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ် မတ်လကုန် မှ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ ကျောင်းနှင့် တက္ကသိုလ်/ကောလိပ်များ တိုးတက်လာမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ စစ်ကိုင်းတက္ကသိုလ်၊ တောင်ကုတ်ကောလိပ်၊ ရွှေဂုံကောလိပ်တို့ အသစ်ဖွင့်လှစ်ခဲ့ပါသည်။

| | **၂၀၁၁ ခုနှစ် မတ်လကုန်** | **၂၀၁၂ ခုနှစ် စက်တင်ဘာလ ကုန်အထိ** | **တိုးလာသည့် အရေအတွက်** |
|---|---|---|---|
| **ကျောင်း** | **၄၀,၉၉၂** | **၄၂,၃၇၆** | **၁,၃၈၄** |
| - မူလတန်း | ၂၈,၉၈၆ | ၂၉,၉၈၄ | ၉၉၈ |
| - မူလတန်းလွန်ကျောင်း | ၆,၅၂၅ | ၆,၅၉၀ | ၆၅ |
| - အလယ်တန်း | ၃,၁၃၀ | ၃,၃၂၇ | ၁၉၇ |
| - အထက်တန်း | ၂,၃၅၁ | ၂,၄၇၅ | ၁၂၄ |
| **တက္ကသိုလ်/ကောလိပ်များ** | **၁၆၁** | **၁၆၃** | **၂** |

၂၇။ နိုင်ငံတော်မှ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်နိုင်ရန်အတွက် ဆေးရုံများ တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ဆရာဝန်နှင့် သူနာပြုများ တိုးချဲ့ခန့်ထားခြင်းနှင့် ကျန်းမာရေ အသုံးစရိတ်များကို တိုးချဲ့ခွင့်ပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလကုန်အထိ ဆေးရုံ၊ ကျန်းမာရေးဌာနများနှင့် ကျန်းမာရေးတက္ကသိုလ်များ တိုးတက်လာမှု တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | **၂၀၁၁ခုနှစ် မတ်လကုန်** | **၂၀၁၂ ခုနှစ် စက်တင်ဘာလ ကုန်အထိ** |
|---|---|---|
| -ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ | ၁၅ | ၁၅ |
| -ဆေးရုံ | ၉၆၃ | ၁,၀၀၁ |
| - ကျန်းမာရေးဝန်ကြီးဌာန | ၈၉၇ | ၉၃၄ |
| - အခြား ဝန်ကြီးဌာနများ | ၆၆ | ၆၇ |
| - တိုင်းရင်းဆေးရုံ | ၁၄ | ၁၄ |
| - ကျေးလက်ကျန်းမာရေးဌာန | ၁,၅၅၈ | ၁,၅၉၉ |
| - ဆရာဝန် | ၈,၉၆၇ | ၁၀,၇၄၀ |
| - သူနာပြု | ၁၈,၆၇၆ | ၂၅,၃၂၇ |

## (၉) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး

၂၈။ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ၈ ရပ် နှင့် အညီ လုပ်ငန်းအလိုက် ဝန်ကြီးဌာနများမှ ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ထောင်စုနှစ် ဖွံ့ဖြိုးမှု ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ပိုမိုထိရောက်စွာ ဆောင်ရွက် နိုင်ရေးအတွက် နယ်စပ်ရေးရာ ဝန်ကြီး ဌာန အောက်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန ကို အသစ်ဖွဲ့စည်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

၂၉။ နိုင်ငံတော်၏ဘတ်ဂျက်ဖြင့်သာမကနိုင်ငံတကာ အဖွဲ့အစည်းများ၏အထောက်အပံ့ဖြင့် နိုင်ငံတစ်ဝှမ်းလုံးတွင်ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပါသည်။ **Korea နိုင်ငံ၏ အထောက်အပံ့ဖြင့် ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်း**ကို လှည်းကူးမြို့နယ် ဖောင်ကြီး အရှေ့ ကျေးရွာ နှင့်သန်လျင်မြို့နယ် သနပ်ပင်ကျေးရွာ **ကျေးရွာ (၂) ရွာတွင် ဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။** ကျေးရွာ (၂)ရွာတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ ရွာသား ခေါင်းဆောင် (၁၆)ဦး၊ အစိုးရ အရာထမ်း(၁)ဦး အား ကိုရီးယားနိုင်ငံတွင် သင်တန်း တက်ရောက် စေခြင်း နှင့် ကျေးရွာရှိ ခနိမိုးအိမ် များအားသွပ်မိုး လဲလှယ် ပေးခြင်း၊ သောက်သုံးရေအတွက် စက်ရေတွင်း တူးပေးခြင်းနှင့် ကျေးရွာရှိလမ်းတံတား ပြုပြင်ခြင်း လုပ်ငန်းများကို စုစုပေါင်း US$ **၄၅,၀၀၀** တန်ဖိုး အကုန်အကျခံ၍ ၂၀၁၂ ခုနှစ် ဒုတိယ သုံးလပတ် ကာလအတွင်း ဆောင်ရွက်ခဲ့ပါသည်။

၃၀။ ထို့အပြင်ဆင်းရဲမှုလျှော့ချရေးအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း **၈၀** အကူအညီ ပေးရေး နှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့် ပြည်ထောင်စု နယ်မြေ ၁ ခု တို့စီမှ စုစုပေါင်း **၁၅** မြို့နယ် တို့တွင် ယခုနှစ် ၂၀၁၂-၁၃ ခုနှစ်အောက်တိုဘာလမှ၂၀၁၇-၁၈ ခုနှစ် အထိ အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက် များ ကို ၂၀၁၂ခုနှစ် ဒုတိယ သုံးလပတ် အတွင်း ညှိနှိုင်း ဆွေးနွေးပြီးဖြစ်ပါသည်။ မြို့နယ် (၁၅) မြို့နယ် အကောင်အထည်ဖော်ပြီးစီးပါက ကျေးရွာ အုပ်စု **၆၄၀** (ကျေးရွာ **၁,၀၀၀**ကျော် ခန့်) အား အကောင်အထည်ဖော် ဆောင်ရွက် နိုင် မည် ဖြစ်ပါ သည်။ ရွေးချယ်သည့် မြို့နယ်များ အတွင်းရှိ ကျေးရွာများ အတွင်း လိုအပ်ချက် ရှိသည့် အောက်ပါ အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသခံ ပြည်သူများ၏ ဆန္ဒအရ ရွေးချယ်မှုဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြေခံ အဆောက်အအုံ ဆိုင်ရာ

ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကျေးလက်ကျန်းမာရေးဌာန၊ ကျောင်းအဆောက်အဦး၊ ကျေးလက်လမ်းများ၊ ကျေးရွာရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ လူထုအပန်းဖြေခန်းမ၊ ကျေးလက်ဈေးများ၊ အသေးစားဆည်မြောင်းနှင့် ကျေးလက်မိလ္လာ သန့်ရှင်းရေး တို့ပါဝင်ပါသည်။

၃၁။ ထို့အပြင် JICA ၏ အစီအစဥ်ဖြင့် ဂျပန်အစိုးရ ODA အတိုးနှုန်းသက်သာသည့် ချေးငွေယန်း **၁၇** သန်း ကို တိုင်းဒေသကြီး၊ပြည်နယ်များ မှ တင်ပြသည့် လုပ်ငန်းစီမံကိန်းများ အလိုက် ချေးငွေများ ရရှိနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဒုတိယ သုံးလပတ်အတွင်း ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်။

Oct, 2012

**တစ်မျိုးသားလုံး၏**

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးအခြေအနေ**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံသေစျေးနှုန်းအရ)**

**နောက်ဆက်တွဲ - ၁**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | | ပထမသုံးလပတ်ကုန်အထိ(ဧပြီလမှဇွန်လ) | | | ဒုတိယသုံးလပတ်(ဇူလိုင်လမှစက်တင်ဘာလ) | | | ပထမ(၆)လ(ဧပြီလမှစက်တင်ဘာလ) | | |
| | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈,၀၁၈,၇၉၇.၃** | **၅.၇** | **၃,၀၄၇,၆၉၁.၉** | **၁၀.၉** | **၂.၉** | **၅,၂၁၇,၇၈၇.၄** | **၁၈.၆** | **၄.၇** | **၈,၂၆၅,၄၇၉.၃** | **၂၉.၅** | **၄.၀** |
| | ၁ | လယ်ယာ | ၁၁,၃၇၄,၅၂၆.၉ | ၁.၉ | ၄၇၉,၈၈၆.၆ | ၄.၂ | -၁၉.၅ | ၁,၉၉၃,၉၁၀.၃ | ၁၇.၅ | ၀.၀ | ၂,၄၇၃,၇၉၆.၉ | ၂၁.၇ | -၄.၅ |
| | ၂ | သားငါး | ၃,၈၂၆,၄၂၅.၄ | ၆.၈ | ၈၄၀,၄၇၇.၅ | ၂၂.၀ | ၅.၂ | ၉၄၇,၂၃၈.၇ | ၂၄.၈ | ၂.၅ | ၁,၇၈၇,၇၁၆.၂ | ၄၆.၇ | ၃.၈ |
| | ၃ | သစ်တော | ၁၅၈,၉၆၂.၄ | ၀.၄ | ၂၃,၄၆၉.၉ | ၁၄.၈ | ၄၄.၆ | ၁၈,၁၉၉.၃ | ၁၁.၄ | ၅၁.၀ | ၄၁,၆၆၉.၂ | ၂၆.၂ | ၄၇.၃ |
| | ၄ | စွမ်းအင် | ၆၇,၂၇၈.၂ | ၂.၀ | ၁၆,၀၂၉.၇ | ၂၃.၈ | -၂.၁ | ၁၆,၄၅၁.၅ | ၂၄.၅ | ၀.၁ | ၃၂,၄၈၁.၂ | ၄၈.၃ | -၁.၀ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃,၂၄၀.၉ | ၂.၅ | ၇၇,၂၇၉.၂ | ၂၃.၂ | -၁၆.၈ | ၆၁,၇၈၈.၉ | ၁၈.၅ | -၁၁.၀ | ၁၃၉,၀၆၈.၁ | ၄၁.၇ | -၁၄.၃ |
| | ၆ | စက်မှုလက်မှု | ၉,၇၁၆,၈၂၆.၁ | ၁၁.၂ | ၁,၂၁၀,၃၁၅.၈ | ၁၂.၅ | ၁၄.၂ | ၁,၆၂၂,၇၅၉.၃ | ၁၆.၇ | ၁၂.၀ | ၂,၈၃၃,၀၇၅.၁ | ၂၉.၂ | ၁၂.၉ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၅၀၄,၂၆၈.၇ | ၆.၁ | ၁၀၈,၇၁၉.၆ | ၂၁.၆ | -၂.၇ | ၁၂၂,၀၉၃.၄ | ၂၄.၂ | ၆.၅ | ၂၃၀,၈၁၃.၀ | ၄၅.၈ | ၂.၀ |
| | ၈ | ဆောက်လုပ်မှု | ၂,၀၃၇,၂၆၈.၇ | ၁.၅ | ၂၉၁,၅၁၃.၆ | ၁၄.၃ | ၈.၃ | ၄၃၅,၃၄၆.၀ | ၂၁.၄ | ၇.၂ | ၇၂၆,၈၅၉.၆ | ၃၅.၇ | ၇.၆ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈,၈၀၃,၃၃၃.၂** | **၁၂.၈** | **၁,၇၉၁,၉၃၆.၈** | **၂၀.၄** | **၁၃.၈** | **၂,၂၄၆,၂၁၃.၈** | **၂၅.၅** | **၂၁.၁** | **၄,၀၃၈,၁၅၀.၆** | **၄၅.၉** | **၁၇.၇** |
| | ၁ | ပို့ဆောင်ရေး | ၅,၉၀၂,၃၅၅.၀ | ၄.၅ | ၁,၁၆၃,၀၄၂.၇ | ၁၉.၇ | ၆.၈ | ၁,၄၁၄,၁၇၇.၈ | ၂၄.၀ | ၈.၀ | ၂,၅၇၇,၂၂၀.၅ | ၄၃.၇ | ၇.၄ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄,၃၄၉.၂ | ၁၅၀.၄ | ၁၆၉,၆၅၈.၁ | ၁၇.၂ | ၇၈.၈ | ၃၃၂,၈၅၉.၀ | ၃၃.၈ | ၁၅၁.၂ | ၅၀၂,၅၁၇.၁ | ၅၁.၁ | ၁၂၀.၀ |
| | ၃ | ငွေရေးကြေးရေး | ၅၃,၄၇၆.၈ | ၈.၁ | ၁၄,၂၅၄.၁ | ၂၆.၇ | ၅၆.၀ | ၂၂,၁၂၁.၅ | ၄၁.၄ | ၇၄.၅ | ၃၆,၃၇၅.၆ | ၆၈.၀ | ၆၆.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅,၀၇၁.၅ | ၃.၂ | ၂၁၆,၇၇၃.၈ | ၂၄.၂ | ၂၆.၃ | ၂၃၅,၂၇၂.၁ | ၂၆.၃ | ၂၈.၈ | ၄၅၂,၀၄၅.၉ | ၅၀.၅ | ၂၇.၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈,၀၈၀.၇ | ၁၄.၆ | ၂၂၈,၂၀၈.၁ | ၂၃.၆ | ၈.၈ | ၂၄၀,၇၈၃.၄ | ၂၅.၀ | ၁၀.၉ | ၄၆၉,၉၉၁.၅ | ၄၈.၅ | ၉.၉ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈,၉၅၇,၀၄၉.၃** | **၄.၁** | **၁,၀၉၀,၂၂၄.၃** | **၁၂.၂** | **၃.၃** | **၁,၅၆၃,၅၁၅.၇** | **၁၇.၅** | **၆.၅** | **၂,၆၅၃,၇၄၀.၀** | **၂၉.၆** | **၅.၂** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်** | **၄၅,၇၇၉,၁၇၉.၈** | **၆.၇** | **၅,၉၂၉,၈၅၃.၀** | **၁၃.၀** | **၆.၁** | **၉,၀၂၇,၅၁၆.၉** | **၁၉.၇** | **၈.၇** | **၁၄,၉၅၇,၃၆၉.၉** | **၃၂.၇** | **၇.၆** |

Oct, 2012

**တစ်မျိုးသားလုံး၏**

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးအခြေအနေ**

**နောက်ဆက်တွဲ - ၂**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဥ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံကိန်းရည်မှန်းချက် | | ပထမသုံးလပတ်ကုန်အထိ(ဧပြီလမှဇွန်လ) | | | ဒုတိယသုံးလပတ်(ဇူလိုင်လမှစက်တင်ဘာလ) | | | ပထမ(၆)လ(ဧပြီလမှစက်တင်ဘာလ) | | |
| | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| **၁** | | **လယ်ယာတကဏ္ဍကြီး** | **၁၅,၃၅၉,၉၁၄.၇** | **၃.၀** | **၁,၃၄၃,၈၃၄.၀** | **၈.၇** | **-၄.၈** | **၂,၉၅၉,၃၄၈.၃** | **၁၉.၃** | **၁.၀** | **၄,၃၀၃,၁၈၂.၃** | **၂၈.၀** | **-၀.၉** |
| | ၁ | လယ်ယာ | ၁၁,၃၇၄,၅၂၆.၉ | ၁.၉ | ၄၇၉,၈၈၆.၆ | ၄.၂ | -၁၉.၅ | ၁,၉၉၃,၉၁၀.၃ | ၁၇.၅ | ၀.၀ | ၂,၄၇၃,၇၉၆.၉ | ၂၁.၇ | -၄.၅ |
| | ၂ | သားငါး | ၃,၈၂၆,၄၂၅.၄ | ၆.၈ | ၈၄၀,၄၇၇.၅ | ၂၂.၀ | ၅.၂ | ၉၄၇,၂၃၈.၇ | ၂၄.၈ | ၂.၅ | ၁,၇၈၇,၇၁၆.၂ | ၄၆.၇ | ၃.၈ |
| | ၃ | သစ်တော | ၁၅၈,၉၆၂.၄ | ၀.၄ | ၂၃,၄၆၉.၉ | ၁၄.၈ | ၄၄.၆ | ၁၈,၁၉၉.၃ | ၁၁.၄ | ၅၁.၀ | ၄၁,၆၆၉.၂ | ၂၆.၂ | ၄၇.၃ |
| **၂** | | **စက်မှုတကဏ္ဍကြီး** | **၁၂,၆၅၈,၈၈၂.၆** | **၉.၀** | **၁,၇၀၃,၈၅၇.၉** | **၁၃.၅** | **၉.၉** | **၂,၂၅၈,၄၃၉.၁** | **၁၇.၈** | **၉.၈** | **၃,၉၆၂,၂၉၇.၀** | **၃၁.၃** | **၉.၉** |
| | ၁ | စွမ်းအင် | ၆၇,၂၇၈.၂ | ၂.၀ | ၁၆,၀၂၉.၇ | ၂၃.၈ | -၂.၁ | ၁၆,၄၅၁.၅ | ၂၄.၅ | ၀.၁ | ၃၂,၄၈၁.၂ | ၄၈.၃ | -၁.၀ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃,၂၄၀.၉ | ၂.၅ | ၇၇,၂၇၉.၂ | ၂၃.၂ | -၁၆.၈ | ၆၁,၇၈၈.၉ | ၁၈.၅ | -၁၁.၀ | ၁၃၉,၀၆၈.၁ | ၄၁.၇ | -၁၄.၃ |
| | ၃ | စက်မှုလက်မှု | ၉,၇၁၆,၈၂၆.၁ | ၁၁.၂ | ၁,၂၁၀,၃၁၅.၈ | ၁၂.၅ | ၁၄.၂ | ၁,၆၂၂,၇၅၉.၃ | ၁၆.၇ | ၁၂.၀ | ၂,၈၃၃,၀၇၅.၁ | ၂၉.၂ | ၁၂.၉ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၅၀၄,၂၆၈.၇ | ၆.၁ | ၁၀၈,၇၁၉.၆ | ၂၁.၆ | -၂.၇ | ၁၂၂,၀၉၃.၄ | ၂၄.၂ | ၆.၅ | ၂၃၀,၈၁၃.၀ | ၄၅.၈ | ၂.၀ |
| | ၅ | ဆောက်လုပ်မှု | ၂,၀၃၇,၂၆၈.၇ | ၁.၅ | ၂၉၁,၅၁၃.၆ | ၁၄.၃ | ၈.၃ | ၄၃၅,၃၄၆.၀ | ၂၁.၄ | ၇.၂ | ၇၂၆,၈၅၉.၆ | ၃၅.၇ | ၇.၆ |
| **၃** | | **ဝန်ဆောင်မှုတကဏ္ဍကြီး** | **၁၇,၇၆၀,၃၈၂.၅** | **၈.၃** | **၂,၈၈၂,၁၆၁.၁** | **၁၆.၂** | **၉.၆** | **၃,၈၀၉,၇၂၉.၅** | **၂၁.၅** | **၁၄.၆** | **၆,၆၉၁,၈၉၀.၆** | **၃၇.၇** | **၁၂.၄** |
| | ၁ | ပို့ဆောင်ရေး | ၅,၉၀၂,၃၅၅.၀ | ၄.၅ | ၁,၁၆၃,၀၄၂.၇ | ၁၉.၇ | ၆.၈ | ၁,၄၁၄,၁၇၇.၈ | ၂၄.၀ | ၈.၀ | ၂,၅၇၇,၂၂၀.၅ | ၄၃.၇ | ၇.၄ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄,၃၄၉.၂ | ၁၅၀.၄ | ၁၆၉,၆၅၈.၁ | ၁၇.၂ | ၇၈.၈ | ၃၃၂,၈၅၉.၀ | ၃၃.၈ | ၁၅၁.၂ | ၅၀၂,၅၁၇.၁ | ၅၁.၁ | ၁၂၁.၀ |
| | ၃ | ငွေရေးကြေးရေး | ၅၃,၄၇၆.၈ | ၈.၁ | ၁၄,၂၅၄.၁ | ၂၆.၇ | ၅၆.၀ | ၂၂,၁၂၁.၅ | ၄၁.၄ | ၇၄.၅ | ၃၆,၃၇၅.၆ | ၆၈.၀ | ၆၆.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅,၀၇၁.၅ | ၃.၂ | ၂၁၆,၇၇၃.၈ | ၂၄.၂ | ၂၆.၃ | ၂၃၅,၂၇၂.၁ | ၂၆.၃ | ၂၈.၈ | ၄၅၂,၀၄၅.၉ | ၅၀.၅ | ၂၇.၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈,၀၈၀.၇ | ၁၄.၆ | ၂၂၈,၂၀၈.၁ | ၂၃.၆ | ၈.၈ | ၂၄၁,၇၈၃.၄ | ၂၅.၀ | ၁၀.၉ | ၄၆၉,၉၉၁.၅ | ၄၈.၅ | ၉.၉ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၈,၉၅၇,၀၄၉.၃ | ၄.၁ | ၁,၀၉၀,၂၂၄.၃ | ၁၂.၂ | ၃.၃ | ၁,၅၆၃,၅၁၅.၇ | ၁၇.၅ | ၆.၅ | ၂,၆၅၃,၇၄၀.၀ | ၂၉.၆ | ၅.၂ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်** | **၄၅,၇၇၉,၁၇၉.၈** | **၆.၇** | **၅,၉၂၉,၈၅၃.၀** | **၁၃.၀** | **၆.၁** | **၉,၀၂၇,၅၁၆.၉** | **၁၉.၇** | **၈.၇** | **၁၄,၉၅၇,၃၆၉.၉** | **၃၂.၇** | **၇.၆** |

Oct, 2012

**တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏**

**၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးအခြေအနေ**

**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ)**

**နောက်ဆက်တွဲ - ၃**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဥ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စီမံကိန်းရည်မှန်းချက် | | ပထမသုံးလပတ်ကုန်အထိ(ဧပြီလမှဇွန်လ) | | | ဒုတိယသုံးလပတ်(ဇူလိုင်လမှစက်တင်ဘာလ) | | | ပထမ(၆)လ(ဧပြီလမှစက်တင်ဘာလ) | | |
| | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | အကောင်အထည်ဖော်နိုင်မှု (ရာခိုင်နှုန်း) | ယခင်နှစ်အလားတူကာလအပေါ် တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ကချင်ပြည်နယ် | ၁,၁၄၁,၇၂၃.၂ | ၅.၇ | ၁၁၁,၅၅၂.၁ | ၉.၈ | -၁၀.၇ | ၁၀၉,၄၄၁.၅ | ၉.၆ | -၇.၇ | ၂၂၀,၉၉၃.၆ | ၁၉.၄ | -၉.၂ |
| ၂ | ကယားပြည်နယ် | ၁၆၅,၀၂၂.၉ | ၄.၄ | ၁၆,၄၅၈.၈ | ၁၀.၀ | ၁၈.၈ | ၄၅,၈၉၈.၁ | ၂၇.၈ | ၂.၇ | ၆၂,၃၅၆.၉ | ၃၇.၈ | ၆.၅ |
| ၃ | ကရင်ပြည်နယ် | ၈၀၀,၀၇၂.၃ | ၈.၀ | ၇၈,၃၇၄.၁ | ၉.၈ | ၆.၃ | ၁၂၅,၂၃၉.၃ | ၁၅.၇ | ၁၁.၅ | ၂၀၃,၆၁၃.၄ | ၂၅.၄ | ၉.၅ |
| ၄ | ချင်းပြည်နယ် | ၁၆၀,၄၅၆.၂ | ၇.၄ | ၁၉,၉၀၆.၈ | ၁၂.၄ | ၂၆.၁ | ၃၇,၂၉၀.၇ | ၂၃.၂ | ၂၂.၁ | ၅၇,၁၉၇.၅ | ၃၅.၆ | ၂၃.၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၂၇၅,၉၃၄.၉ | ၈.၂ | ၅၃၃,၅၀၃.၄ | ၁၀.၁ | ၅.၂ | ၁,၀၃၉,၂၈၀.၉ | ၁၉.၇ | ၅.၆ | ၁,၅၇၂,၇၈၄.၃ | ၂၉.၈ | ၅.၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၈၅,၆၄၈.၈ | ၆.၉ | ၂၅၀,၀၁၀.၇ | ၁၅.၈ | -၄.၅ | ၃၃၈,၁၄၆.၁ | ၂၁.၃ | ၁.၆ | ၅၈၈,၁၅၆.၈ | ၃၇.၁ | -၁.၁ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၉၅၄,၆၀၇.၇ | ၆.၈ | ၄၅၈,၀၅၀.၁ | ၁၁.၆ | ၁.၉ | ၅၅၅,၅၉၈.၄ | ၁၄.၀ | ၈.၀ | ၁,၀၁၃,၆၄၈.၅ | ၂၅.၆ | ၅.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၄၂၄,၉၁၆.၁ | ၇.၇ | ၃၈၇,၈၃၄.၁ | ၈.၈ | ၁၅.၁ | ၁,၄၇၅,၄၄၅.၂ | ၃၃.၃ | ၅.၅ | ၁,၈၆၃,၂၇၉.၃ | ၄၂.၁ | ၇.၄ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၁၆၈,၈၄၆.၃ | ၆.၇ | ၇၃၄,၀၃၃.၇ | ၁၄.၂ | ၆.၂ | ၉၅၃,၄၈၇.၉ | ၁၈.၄ | -၂.၄ | ၁,၆၈၇,၅၂၀.၆ | ၃၂.၆ | ၁.၂ |
| ၁၀ | မွန်ပြည်နယ် | ၁,၉၅၆,၃၀၅.၀ | ၈.၄ | ၁၉၃,၆၂၂.၇ | ၉.၉ | -၁၈.၃ | ၄၃၃,၂၉၉.၃ | ၂၂.၁ | ၂၉.၉ | ၆၂၆,၉၂၂.၀ | ၃၂.၀ | ၉.၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၈၀၂,၇၈၄.၅ | ၄.၆ | ၂၂၅,၉၉၈.၉ | ၁၂.၅ | ၁.၆ | ၃၆၉,၀၄၆.၂ | ၂၀.၅ | ၇.၃ | ၅၉၅,၀၄၅.၁ | ၃၃.၀ | ၅.၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀,၂၅၅,၅၄၅.၁ | ၇.၉ | ၁,၆၇၃,၂၁၄.၇ | ၁၆.၃ | ၁၇.၀ | ၁,၉၆၃,၈၉၀.၄ | ၁၉.၁ | ၂၉.၆ | ၃,၆၃၇,၁၀၅.၁ | ၃၅.၅ | ၂၃.၅ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၃၂၂,၀၈၇.၉ | ၆.၁ | ၃၀၈,၉၈၂.၈ | ၉.၃ | -၈.၀ | ၇၂၂,၂၀၇.၂ | ၂၁.၇ | -၀.၇ | ၁,၀၃၁,၁၉၀.၀ | ၃၁.၀ | -၃.၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၃၅၈,၃၀၀.၆ | ၅.၀ | ၈၂၉,၈၁၇.၀ | ၁၅.၅ | ၀.၂ | ၇၂၄,၉၅၅.၃ | ၁၃.၅ | -၅.၆ | ၁,၅၅၄,၇၇၂.၃ | ၂၉.၀ | -၂.၆ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၇၂,၉၁၇.၈ | ၁၂.၅ | ၁၀၈,၄၉၃.၁ | ၁၈.၉ | ၇၄.၀ | ၁၃၄,၂၉၀.၄ | ၂၃.၄ | ၂၄.၃ | ၂၄၂,၇၈၃.၅ | ၄၂.၄ | ၄၂.၅ |